# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ်(၂၇၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ် စ ရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး**



ပြည်တွင်းသတင်း စာ ၃

**အိမ်ထောင်စုတစ်ခု၏ ပဲ့ကိုင်ရှင်အဖြစ်မှသည် အမျိုးသားရေး အင်အားစုအဖြစ်သို့**

ဆောင်းပါး စာ ၆

**ရှင်မဟာရဋ္ဌသာရ နှစ် ၅၅၅ နှစ်ပြည့်**

ဆောင်းပါး စာ ၁၀




ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများ နှမ်းစိုက်ခင်းများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ စတင်ရိတ်သိမ်းလျက်ရှိ ယခင်နှစ်ကထက် နှမ်းဈေးကောင်းရရှိ၍ ဒေသခံတောင်သူများ လုပ်ငန်းအဆင်ပြေ

ပွင့်ဖြူ ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများ ရင့်မှည့်လာပြီဖြစ်၍ ဒေသခံတောင်သူများက နွေနှမ်းစိုက်ခင်းများတွင် မိုးသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရပြီး ပေါ်ဦးပေါ်ဖျား နှမ်းဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ဈေးကောင်းရရှိသဖြင့် သီးနှံဝင်ငွေအကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ပျိုးသည့် ဒေသခံတောင်သူများထံမှ သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



## ကရင်ပြည်နယ်၌ ရော်ဘာအစေးခြစ်လုပ်ငန်းမှ အမြတ်အစွန်းရရှိ

ဘားအံ ဇူလိုင် ၁

ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှု အခြေအနေများမှာ စိုက်ဧက ၂၇၁၂၇၁ ဧက၊ ရိတ်သိမ်းဧက ၂၆၀၆၆၁ ဧကဖြစ်ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂ ဒသမ ၈၇ ပေါင် ထွက်ရှိကာ ပျမ်းမျှအထွက်နှုန်း ၁၈၉၉၄၃၆၇ ဒသမ ၀၇ ပေါင်ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

သာမညကျေးရွာတွင် ရော်ဘာစိုက်ဧက ၁၁ ဧက အတွက် စိုက်ပျိုးမှုအနေဖြင့် ပင်ကြားတန်းကြား (၂၀x၁၀)ပေဖြင့် ရော်ဘာပင် ၁၅၇၁ ပင် စိုက်ပျိုးထားရှိပြီး သက်တမ်းအနေဖြင့် ခုနစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ စိုက်ပျိုးပြီး ငါးနှစ်အကြာတွင် ရော်ဘာအစေးစတင်ခြစ်ယူရပြီး ရော်ဘာအစေးခြစ်လုပ်ငန်း ဆောင်ရွက်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း သိရသည်။ ကုန်ကျစရိတ်အနေဖြင့် ရော်ဘာ ၁၁ ဧက အတွက် ရော်ဘာအစေးခြစ်ကာလ ရှစ်လ(တစ်ရာသီ) လျှင် သွင်းအားစုမြေဩဇာ၊ လုပ်သားခများ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ခန့်ကုန်ကျပြီး လစဉ်ရော်ဘာအစေးခြစ်/ကုန်ကြမ်းထုတ်လုပ်မှုအတွက် တစ်လ ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ရှစ်လ (တစ်ရာသီ) အတွက်

*စာမျက်နှာ ၃ ကော်လံ ၃* ❖

မြန်မာ့အလင်း

# မိတ်ကောင်းဆွေကောင်း သံတမန်ကောင်း

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်ရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအနက် ပထမဆုံးပင်ဖြစ်သည်။

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ အား ဇွန်လ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို လက်ရောက်ချီးမြှင့်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက သံအမတ်ကြီးအား ဂုဏ်ပြုစကားပြောကြားရာ၌ "အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ရိုးရိုးသံအမှုထမ်းမှ သံအမတ်ကြီးတာဝန်အထိ ၁၄ နှစ်တာကာလခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ကို ကြုံတွေ့ခဲ့ရသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အတွေ့အကြုံများစွာကို ရရှိပြီးဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် သံအမတ်ကြီးတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း မြန်မာ – ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၅) နှစ်ပြည့်မြောက်သည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ကာလအတွင်း အဆွေတော်၏ တာဝန်ထမ်းဆောင်မှုမှာ နိုင်ငံရေးအပြောင်းအလဲများအကြား ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ကြီးမားကျယ်ပြန့်ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ယခင်ကထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒေါ့သည် မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတွင် သံအမှုထမ်းဘဝမှ သံအမတ်ကြီးဖြစ်လာသည်အထိ တာဝန်များလာရောက်ထမ်းဆောင်ခဲ့ရာတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကို ကြုံတွေ့ခဲ့ပြီး သံကောင်းတမန်ကောင်းပီသစွာ နှစ်နိုင်ငံအကြား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရသည့်ကာလတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ဘက်ပေါင်းစုံမှ နီးကပ်စွာဆက်ဆံမှုများမှာ အမြင့်ဆုံးအခြေအနေအထိ ရောက်ရှိခဲ့သည်။

သံအမတ်ကြီး ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒေါ့သည် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်၊ ရေးနိုင်သူတစ်ဦးဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ချိန်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးဖြစ်သည်အထိ မြန်မာ– ရုရှား နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်အောင် တည်ဆောက်ပေးနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင် သံတမန်အဖွဲ့နာယကတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်း၊ ဗုဒ္ဓစာပေများကို ရုရှားဘာသာဖြင့်ရေးသား၍ ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း မြန်မာ– ရုရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုနီးကပ်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သူဖြစ်သည်ဟု မြန်မာနိုင်ငံက အသိအမှတ်ပြုထားသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံများအကြား သံတမန်များ အပြန်အလှန် စေလွှတ်ခန့်ထားဆက်ဆံကြရာတွင် သံအမတ်ကြီးများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကြရေးတွင် အမြော်အမြင်ကြီးစွာ ဆောင်ရွက်ကြရသော ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်သည်။ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ (၇၅) နှစ်ပြည့်မြောက်ပြီဖြစ်သော အခါသမယတွင် "ခင်ရာဆွေမျိုး" ဟူသော မြန်မာ့ဆိုရိုးစကားအတိုင်း မိတ်ကောင်းဆွေကောင်း၊ သံကောင်းတမန်ကောင်းအဖြစ် တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူ ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒေါ့ အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် နှစ်ထောင်းအားရဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါကြောင်း။ ။

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၁**

ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom Vannarot ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ကမ္ဘာ့မြေကုန်သမစုံသို့

❊ ကမ္ဘာ့မြေပြင် သမိုင်းစဉ်ဝယ်
သွင်ပြင်မူကွဲ အယူစွဲဖြင့်
လွဲဝါဒမူ စိုက်ကြထူလည်း
လူတို့ထွင်ထား "သမ" သဘောတရား
အားလုံးယုံကြည် နှစ်ခြိုက်သည်။

❊ အရှိန်အဟုန်ဖြင့် ဇက်ကုန်ဖွင့်ကာ
စုံပြည့်ပေါကြွယ် လောကနယ်ဟု
သယ်ယူနိုင်စေ သမအထွေထွေ။

❊ ရေရှည်တိုးတက်ရေး အစဉ်တွေး၍
လေးလေးစားစား အသင်းကြားဝယ်
အမှားနည်းနည်း ကြိုးစားခဲလျက်
ရဲရင့်ပါစေ သမအထွေထွေ။

❊ သမဝါယမ သဘာဝကား
ရယူပေးဆပ် တောမသတ်ဖြင့်
ထပ်ထပ်ဝန်ကျေ ဆောင်ရွက်ပေ၏။

❊ ကမ္ဘာ့ရပ်စုံ သမဘုံသည်
ယုံကြည်ခိုင်ခံ့ ရှည်တည်တံ့၍
အံ့သည့်အောင်ဖွယ် အသွယ်သွယ်ကို
ရည်ရွယ်ချက်မြောက် ခရီးပေါက်ကာ
ရောက်အောင်လှမ်းလေ အောင်ပါစေ။ ။

"အပြည်ပြည်ဆိုင်ရာသမဝါယမနေ့"အား ဂုဏ်ပြုလျက်–

ညိုဝင်း(ချစ်မြေ)



ဇူလိုင် ၁ ရက်က (၁၀၁)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရ ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်က ဆန်၊ ဆီ အပါအဝင် အခြေခံစားကုန်သောက်ကုန်များကို ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးစဉ်။ အာကာလင်း

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ



# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် လူသုံးကုန်နှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများထံရောင်းချပေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနမှ လူသုံးကုန်များနှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများထံ လက်ဝယ်အရောက် ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ဒေါပုံမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်ကာ ယမုံနာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ စံပြအရောင်းဆိုင်တွင် လူသုံးကုန်များနှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။ ရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် လူသုံးကုန်နှင့် အခြေခံစားသောက်ကုန်များကို လွတ်လပ်စွာနှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်သည့်အတွက် အဆင်ပြေကြောင်းလည်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး





**နေပြည်တော် ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများ အလှဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန- ၂ ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ အုပ်ချုပ်သူများနှင့် ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



### ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ တေးသီချင်းအပါအဝင် တေးသီချင်းများ၊ နိုင်ငံကျော်ဒီဇိုင်နာများ ဖန်တီးထားသည့် "တူစုံဆင်နွဲ မင်္ဂလာပွဲ" ခေါင်းစဉ်ဖြင့် ဝတ်စား ဆင်ယင်မှု၊ "တည်ငြိမ်လှစွာ ချစ်စရာ ဘယ်ခါမရိုး မြန်မာရင်ဖုံး" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှုများ၊ တစ်ခန်းရပ်ပြဇာတ်များနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြသကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ ဂုဏ်ပြုပန်းစည်း ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ နာယကနှင့် အတွင်းရေးမှူးတို့က ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဖိတ်ကြားထားသော အနုပညာရှင်များက "ခေတ်အမြင် ခေတ်အသွင် ခေတ်သဘင်" အငြိမ့်အပါအဝင် တေးသီချင်းများ၊ ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။(ဝဲပုံ) **သတင်းစဉ်**

❑ *ရွှေဖိုးမှ*

"ကျွန်တော်တို့ဒေသမှာ မဲဇလီ ရေလွှဲဆည်ရေနဲ့ စိုက်ပျိုးထားရှိတဲ့ နွေနှမ်းစိုက်ခင်းတွေဟာ စိုက်ပျိုးရေလုံလောက်စွာရရှိတဲ့အတွက် အောင်မြင်ဖြစ်ထွန်းပြီး အသီးများ ရင့်မှည့်လာပြီဖြစ်လို့ တောင်သူတွေက စတင်ရိတ်သိမ်းနေကြပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်က နွေနှမ်းသီးနှံကို တောင်သူတွေ အားထားစိုက်ပျိုးခဲ့ကြပေမယ့် မိုခါမုန်တိုင်းမိုးကြောင့် နှမ်းစိုက်ခင်းတွေ ရေဝင်နစ်မြုပ်ခဲ့လို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေလည်းများတယ်။ ရေဝင်နစ်မြုပ်မှုမရှိတဲ့ နှမ်းခင်းတွေကတော့ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ အခုဆိုရင် တောင်သူတွေက နွေနှမ်းစိုက်ခင်းတွေ အသီးများရင့်မှည့်လာပြီဖြစ်လို့ နွေနှမ်းစိုက်ခင်းများမှာ မိုးစပါးနဲ့ အခြားမိုးသီးနှံအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် နေ့စားအလုပ်သမားတွေကို ငှားရမ်းပြီး ရိတ်သိမ်းနေကြပြီ။ သီးနှံအထွက်နှုန်း အနေနဲ့ကတော့ တစ်ဧကကို ပျမ်းမျှ ၁၀ တင်းလောက်တော့ ထွက်ရှိပါတယ်။ တချို့လည်း တစ်ဧကကို ၁၀ တင်းအထက် ထွက်ရှိကြတယ်။ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်ပျိုးတဲ့ နွေနှမ်းကတော့ နှမ်းဖြူ၊ စမုံနက်၊ သိပ္ပံနှမ်းနက်နဲ့ ဆင်းရတနာ -၄ နှမ်းမျိုးတွေကို စိုက်ပျိုးကြပါတယ်။ နှမ်းဖြူတစ်တင်းကို ငွေကျပ် ၁၂၀၀၀၀၊ စမုံနက်နှမ်း တစ်တင်းကို ငွေကျပ် ၁၁၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်လို့ ကျွန်တော်တို့ တောင်သူတွေအတွက် အဆင်ပြေပါတယ်" ဟု ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီ ရေလွှဲဆည်ရေဖြင့် နွေစပါး ၂၉၅၄၈ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြားနွေသီးနှံ ၃၆၈၇ ဧက စုစုပေါင်းနွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နွေသီးနှံ စိုက်ပျိုးမှုစာရင်းများအရ သိရသည်။ ယခုအခါ ပေါ်ဦးပေါ်ဖျားနှမ်းဈေးနှုန်းမှာလည်း တစ်တင်းလျှင် ငွေကျပ်တစ်သိန်းကျော်အထိ ဈေးကောင်းရရှိနေ၍ ဒေသတွင်းရှိ နှမ်းစိုက်ပျိုးတောင်သူများ သီးနှံဝင်ငွေ တိုးပွားကာ လုပ်ငန်းအဆင်ပြေလျက် ရှိနေကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## အိမ်မဲမြို့နယ်၌ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးဝါး လာရောက်ကုသပေး

**အိမ်မဲ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ မင်္ဂလာဧယျာ ဘုန်းတော်ကြီးကျောင်း အတုလမာရဇိန် အောင်ချမ်းသာ တန်ဆောင်းတော်ကြီး၌ ယမန်နေ့နံနက်က အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးဝါးများ လာရောက်ကုသပေးခဲ့သည်။



ရှေးဦးစွာ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့်အဖွဲ့သည် ကြို့ကုန်းကျေးရွာ မင်္ဂလာဧယျာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာပြီး သံဃာတော်များအား ဆန် ၊ ဆီ၊ ဆား၊ ပဲနှင့် သကြားနှင့် သက်န်းခြင်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စစ်မြေပြင်ဆေးတပ်ရင်းမှ ဗိုလ်မှူးချုပ် စိုးသီဟလွင် ဦးဆောင်သောအဖွဲ့က အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ပြည်သူများအား ဆေးကုသပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

❖ *ရွှေဖိုးမှ*

ငွေကျပ် ၄၈ သိန်း၊ ရှစ်လ(တစ်ရာသီ)အတွက် စုစုပေါင်းကုန်ကျစရိတ်ငွေကျပ် ၈၈ သိန်း ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

ရော်ဘာ ၁၁ ဧကအတွက် အထွက်နှုန်းအနေဖြင့် တစ်လပျမ်းမျှအထွက်နှုန်း ၁၃၄၄ ပေါင် နှုန်းဖြင့် ရှစ်လ (တစ်ရာသီ) အထွက်နှုန်း ၁၀၇၅၂ ပေါင်ခန့် ထွက်ရှိခဲ့ကြောင်း၊ ဝင်ငွေအနေဖြင့် တစ်ပေါင် ပျမ်းမျှရောင်းဈေး ငွေကျပ် ၁၃၄၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၄၄၀၇၆၈၀ ဝင်ငွေရရှိခဲ့သောကြောင့် ရော်ဘာ ၁၁ ဧက၏ အသားတင် အကျိုးအမြတ်မှာ ငွေကျပ် ၅၆၀၇၆၈၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။ ယခင်နှစ် ရော်ဘာဈေးနှုန်း အနေဖြင့် တစ်ပေါင်လျှင် ငွေကျပ် ၁၂၂၀ ဖြစ်ပြီး ယခုနှစ် ရာသီသိမ်းချိန်တွင် တစ်ပေါင်လျှင် ငွေကျပ် ၁၃၄၀ အထိ ဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့နှင့်ထိုင်းနိုင်ငံမှအဓိကဝယ်လိုအား မြင့်တက်လာ မှုနှင့်အတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ရော်ဘာအစေးခြစ်လုပ်ငန်းမှ အမြတ်အစွန်း ရရှိခဲ့ကြောင်း သိရသည်။ **DOCA (ကရင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Solonetsky Vitaly ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Solonetsky Vitaly ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ငွေပေးချေမှုစနစ် လွယ်ကူချောမွေ့စေရေး၊ သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်တွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများ အချင်းချင်း တွေ့ဆုံဆွေးနွေးမှု (Business Matching) များ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးနှင့် ဈေးကွက်ရရှိရေး၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရုရှားစီးပွားရေး လုပ်ငန်းရှင်များ ထံသို့ သိရှိပျံ့နှံ့စေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ပညာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

၂၀၂၃ ခုနှစ် ပညာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မင်္ဂလာကံ့ကော်ပင်ကို ဦးစွာစိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များက ပိတောက်၊ မဟော်ဂနီ၊ ကျွန်း၊ ကုက္ကိုနှင့် ဆီသပြေပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ယနေ့စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ကြီးထွားအောင် ဂရုစိုက်ကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ ပညာရေးမိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပျိုးမှု အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ယနေ့ကျင်းပသည့် ၂၀၂၃ ခုနှစ် ပညာရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်တစ်ပင်၊ ဆီသပြေပင် ၃၀၊ ပိတောက် ၁၀ ပင်၊ မဟော်ဂနီ ၁၀ ပင်၊ ကျွန်းပင်၂၀၀ နှင့် ကုက္ကိုပင် ၅၀ စုစုပေါင်း ၃၀၁ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံ တိုးချဲ့လူနာဆောင် ရှစ်ထပ် အဆောက်အဦနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာများက အဆောက်အဦ ဒီဇိုင်းပုံစံ တွက်ချက်ရေးဆွဲထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်နေမှုအခြေအနေတို့ကို တင်ပြကြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် လက်ရာသေသပ်ကောင်းမွန်ရေးကို ဦးစားပေးရန်၊ ကလေးဆေးရုံတည်ဆောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလိုသော လိုအပ်ချက်များကို ဆေးရုံအဆောက်အဦဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရန်၊ ဗဟိုဘဏ်အဆင့် သတ်မှတ်ချက်များ၊ လိုအပ်ချက်များအပြင် လုံခြုံရေးစနစ်ကောင်းမွန်စေရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



## လိုအပ်ချက်များဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခုရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ခံအင်ဂျင်နီယာများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်သောလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ပြည်သူများ သွားလာရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ညီညွတ်မျှတစွာနေထိုင်ကြစေရေး တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## လုပ်ငန်းလိုအပ်ချက်များမှာကြား

ဆက်လက်၍ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးအပိုင်း)ရှိ လမ်းနှင့်တံတား အခြေအနေများကို စစ်ဆေးရာ မိုင်တိုင်အမှတ် (၃၃၈/၆)ရှိ အရှည်ပေ ၂၇၀ ရှိ သက်ပန်းချောင်းတံတားကြွခိုင်မှု၊ တံတားအောက်ခြေ Abutment များ ရေတိုက်စားမှုမရှိစေရေးနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို လည်းကောင်း၊ လမ်းပခုံးရေတိုက်စားသည့်အပိုင်းများကို ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေသည့်အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၀၄/၁) မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက်အဝင်/အထွက်ပြုလုပ်နိုင်သည့် လမ်းဆုံနေရာတွင် ဘုရားဖူးခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လမ်းလယ်ကျွန်း၊ လမ်းဘေး ဝဲ/ယာ သစ်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

**သတင်းစဉ်**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# အိမ်ထောင်စုတစ်ခု၏ ပဲ့ကိုင်ရှင်အဖြစ်မှသည် အမျိုးသားရေး အင်အားစုအဖြစ်သို့

မိုးကေနိုင်

ကျားမ မဟူ လူတစ်ဦး၏အရည်အသွေးကို သူ/ သူမ၏ ပင်ကိုဗီဇနှင့် မျိုးရိုးဂုဏ်၊ ကောင်းမြတ်သော စိတ်နေသဘောထားနှင့် အတ္တ ပရမ္မတမှု၊ ကြိုးစားအားထုတ်မှုနှင့် ပညာရည်အရည်အသွေး၊ အများအတွက် စွန့်လွှတ်အနစ်နာခံမှု၊ လူ့အဖွဲ့အစည်းအတွက် ပညာဉာဏ်အမြော်အမြင်ဖြင့် ဦးဆောင်နိုင်စွမ်း စသည့် လူတစ်ဦးချင်း၏ ပင်ကိုအရည်အချင်းများဖြင့်သာ တိုင်းတာပါသည်။ အမျိုးသမီး၊ အမျိုးသားစွမ်းဆောင်မှုနှင့် ပတ်သက်၍ သီးခြားစံနှုန်းများ ခွဲခြားသတ်မှတ်ထားခြင်းမရှိပါ။ သို့သော် ကျားနှင့်မ၊ ယောကျ်ားနှင့်မိန်းမ ဘယ်လိုအခြေအနေတွေမှာ ဘယ်လိုကွာခြားသွားသနည်း၊ သဘာဝကအလိုအလျောက်ပေးထားသည့် ကွာခြားချက်၊ ကျားမတန်းတူ ကြိုးစားအားထုတ်လေ့ကျင့်ပြီးမှသာ ပိုင်ဆိုင်လာမည့် ကွာခြားချက်များပေါ်တွင် မူတည်၍သာ အချို့ကဏ္ဍများမှာ ကျားမ ကွာခြားသွားဟန်တူသည်။

### အကျပ်အတည်းကြား အခက်အခဲများကြားက အချို့ရှိနေဆဲ မညီမျှမှုများ

သို့သော် ယနေ့လူ့အဖွဲ့အစည်းမှာ ကမ္ဘာမှာကောမြန်မာမှာပါ ကျားမခွဲခြား တန်းတူညီမျှမရှိမှုကို လုံးဝလက်မခံ တိုက်ဖျက်လျက်ရှိပြီး အမျိုးသမီးများ အခွင့်အရေးနှင့် အခွင့်အလမ်းများဖော်ထုတ်သည့် ထားရှိပြီး ကတိကဝတ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ စိန်ခေါ်မှုအမြောက်အမြားကြားက ကြိုးစားဆောင်ရွက်နေကြသည်သာဖြစ်သည်။ ကမ္ဘာတစ်ဝန်းရင်ဆိုင်ခဲ့ရသည့် ကိုဗစ်ကပ်ကြီးက ထိခိုက်လွယ်အမျိုးသမီးနှင့် မိန်းကလေးငယ်များကို ဆိုးဆိုးရွားရွားထိခိုက်စေခဲ့သည်မှာ မှန်ပါသည်။ ထို့ပြင် သဘာဝကပ်ဘေးကြီးများ၊ နိုင်ငံရေးအပြောင်းအလဲများနှင့် စစ်မက်ဖြစ်ပွားမှုများက ထပ်ဆင့်ဒုက္ခပေးပြန်သည်။ အမျိုးသားများထက် အမျိုးသမီးများက ပို၍ခံစားရတတ်သည်။ ဖြစ်ပေါ်လာသည့် အကျပ်အတည်းများကြောင့်ဆိုသည်ထက် နဂိုကတည်းကပင် ယနေ့အထိ ကမ္ဘာ့နိုင်ငံအချို့မှာ ကျားမတန်းတူမှုမရှိ ခွဲခြားဖိနှိပ်နေမှုများ မပပျောက်ဘဲ ရှိနှင့်ပြီးဖြစ်သည်။ မည်သို့ပင် ကတိကဝတ်များထားထား အလေးမထား ဖိနှိပ်နေကြဆဲဖြစ်သည်ကို နေ့စဉ်ကြားသိတွေ့မြင်ရဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီးဆိုသော နိုင်ငံများ၊ အချို့အစွန်းရောက် နိုင်ငံအဖွဲ့အစည်းများတွင်ပင် အမျိုးသမီးများအပေါ် နေရာမပေးမှု၊ တန်ဖိုးမထား မလေးစား ခွဲခြားဆက်ဆံမှုများကား ရှိနေဆဲဖြစ်သည်။

### ရရှိပြီးအမျိုးသမီးအခွင့်အရေး အကောင်းဆုံး အသုံးချတတ်ရန်သာလို

တချို့ကျားမတန်းတူနေရာပေးလေးစားတန်ဖိုးထားသော နိုင်ငံများ၊ အဖွဲ့အစည်းများကြတော့လည်း အမျိုးသမီးဟူ၍ ပေးထားရရှိထားသည့် အခွင့်အလမ်းကို အပြည့်အဝ မဆုပ်ကိုင်နိုင်ကြ၊ အခွင့်အရေးကို အကျိုးရှိစွာ အသုံးချရကောင်းမှန်းမသိ၊ အမျိုးသားများထက် မိမိတို့၏ ပိုမိုသာလွန်သည့်စွမ်းရည်ကို အများအတွက် အသုံးချနိုင်စွမ်း



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇူလိုင် ၁ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည့် ပြပွဲတွင် "တူစုံဆင်နွဲ မင်္ဂလာပွဲ" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှု ပြသစဉ်။

မရှိ၍ အကျိုးမရှိ နစ်နာသွားရသည်လည်းရှိသည်။ သို့ဆိုလျှင် အမျိုးသမီးများက အမျိုးသားများထက် သာလွန်သော အရည်အချင်းများဟူသည် အဘယ်နည်း၊ ပြောစရာရှိလာသည်။ တစ်ပါးသူအပေါ် သနားညှာတာထောက်ထားမှု၊ ကိုယ်ချင်းစာတတ်မှု၊ မေတ္တာကရုဏာတရားကြီးမားမှု၊ သည်းခံစိတ်ရှည်တတ်မှု၊ ရိုးသားပွင့်လင်းဖြောင့်မတ်မှု၊ မိခင်စိတ်ရှိမှု၊ ကူညီတတ်မှု၊ ယုံကြည်လွယ်မှု စသည်များတွင် ဖြစ်နိုင်သည်။ ထိုအရည်အသွေးများသည် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကန့်လန့်ကာနောက်ကွယ်က ညှိနှိုင်းပေါင်းစပ်မှုများတွင် လည်းကောင်း၊ မတူကွဲပြားအဖွဲ့အစည်းများကြားတွင် ပြောဆိုဆက်သွယ်ဆက်ဆံရမှုများစွာပြုလုပ်ရမည့် အခြေအနေများတွင်လည်းကောင်း၊ မိမိတို့၏ ရင့်ကျက်မှုနှင့် ခံနိုင်ရည်စွမ်းအားများကို ပြသ၍ အကျပ်အတည်းအခက်အခဲများ ဖြေရှင်းရာတွင်လည်းကောင်း၊ ထိုထိုနှလုံးရည်များဖြင့် အဖွဲ့အစည်းတစ်ခုကို ဦးဆောင်မှုပေးရာတွင် များစွာအကျိုးရှိနိုင်ပါသည်။ မိမိ၏ဦးဆောင်နိုင်မှုသည် မိမိကိုယ်မိမိ မောင်းနှင်နိုင်စွမ်းအပေါ်တွင်သာ မှီတည်သည်ဖြစ်၍ ပညာဉာဏ်အမြော်အမြင်ဖြင့် မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနိုင်ရန်သာ လိုအပ်ပါသည်။

### မြန်မာ့လူ့အဖွဲ့အစည်းမှ မြန်မာအမျိုးသမီးများ

သို့သော် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ယဉ်ကျေးသော မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို အမျိုးသမီးများကို ပို၍အလေးထားသည်၊ ပို၍တန်ဖိုးထားသည်ကိုသာ တွေ့နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးဟူသည်ကား အခြားသက်ကြီးရွယ်အို၊ ကလေးသူငယ်များ၊ မသန်စွမ်းများကဲ့သို့ပင် ပဋိပက္ခများကြားတွင် ပို၍ထိခိုက်လွယ်သောအုပ်စုတွင် ပါဝင်သောကြောင့်ဖြစ်သည်။ သို့သော် အမျိုးသမီးအများစုကား မိမိတို့ကို အားနည်းသူဟု အထင်မခံ ကြိုးစားကြပါသည်။ အမျိုးသားများနှင့်တန်းတူ နယ်ပယ်စုံကဏ္ဍစုံတွင် ဘယ်လိုအကျပ်အတည်းအောက်တွင်ရှိရှိ ရုန်းကန်အားထုတ်နိုင်စွမ်းရှိကြသည်။ အားနွဲ့သည်ဟု သတ်မှတ်ခံရသော်လည်း မာန်ရှိသည်၊ တက်ကြွကြသည်။ အထက်ပါမူလအရည်အသွေးများနှင့် သူတို့၏ကြိုးစားအားထုတ်မှုကို ယနေ့ကာလများတွင် ပို၍အသိအမှတ်ပြုလာကြသည်ကိုလည်း တွေ့ရသည်။ မြန်မာ့လူ့အဖွဲ့အစည်းမှာလည်း ထို့အတူပင်၊ အထူးအဆန်းမဟုတ်ပါ။ မြန်မာတို့ကတော့ ယခင်ကပင် အမျိုးသမီးများကို အနာဂတ်၏ ပဲ့ကိုင်ရှင်၊ ပုခက်လွှဲသောလက်များအဖြစ် အကြိမ်ကြိမ် တန်ဖိုးထားတင်စားဖော်ပြကြသည်။ မိသားစုတစ်ခုတွင် ဖခင်ကော သားသမီးများ၊ အဘိုးအဘွားများကပါ မိမိတို့၏မိခင်ကို သနားငဲ့ညှာ အရိုအသေအလေးအမြတ်ပြုကြသည့်အစဉ်အလာမျိုး ရှိပြီးဖြစ်သည်။ မိခင်အမျိုးသမီးများ၏ မနက်မိုးလင်းမှသည် မိုးချုပ်သည်အထိ မိသားစုအတွက် ရုန်းကန်မှုကို မိသားစုသာမက ပတ်ဝန်းကျင်ကပါ အသိအမှတ်ပြုကြသည်။ လုပ်ငန်းခွင်မှာလည်း ထို့အတူပင်၊ ငဲ့ညှာမှု၊ စာနာခံရမှု၊ လုံခြုံစွာစောင့်ရှောက်ခံရမှုတွင် ပို၍အလေးသာသည်။ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ပို၍အားနည်းသော ဂုဏ်သိက္ခာရှိသူများအဖြစ် သတ်မှတ်ခံရ၍ ဖြစ်သည်။

### နယ်ပယ်စုံတွင် မြန်မာအမျိုးသမီးထု၏ စွမ်းရည်ပြည့် ပါဝင်ထမ်းရွက်မှု

မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် နိုင်ငံ့လူဦးရေ ထက်ဝက်ကျော်ရှိသည့် မြန်မာအမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအစဉ်အဆက်တွင် ထူးချွန်စွာ စွန့်လွှတ်အနစ်နာခံခြင်းများစွာဖြင့် ပါဝင်ခဲ့ကြဖူးသည်။ ထူးချွန်ထက်မြက်သော သမိုင်းပညာရှင် ဒေါ်မြစိန်ကဲ့သို့ နိုင်ငံတကာရေးရာအဖြာဖြာနှင့် ကမ္ဘာ့ကုလသမဂ္ဂစင်မြင့်ဇာတ်ခုံမှာ ကပြအသုံးတော်ခံ၍ ကမ္ဘာ့ရေးရာများတွင် ပါဝင်ခဲ့ကြဖူးသူများလည်း ရှိခဲ့ဖူးသည်။ ထို့ထက်ပို၍လည်း ယနေ့ခေတ်ကာလများတွင် မြန်မာအမျိုးသမီးများအပေါ် မြန်မာ့လူ့အဖွဲ့အစည်းများနှင့် နိုင်ငံတော်က ပို၍ပင်ချီးမြှင့်မြှောက်စားမှုများ၊ အမျိုးသားများနှင့် တန်းတူ အခွင့်အရေးများပေးသည်ကို တွေ့ရသည်။ နိုင်ငံရေးနယ်ပယ်တွင် ယခင်ဥပဒေပြုရေး၊ ငြိမ်းချမ်းရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ အားကစားနှင့်ယဉ်ကျေးမှု နယ်ပယ်စုံတွင် ဖြစ်သည်။ လွှတ်တော်များတွင် အရပ်သား အမျိုးသမီးကိုယ်စားလှယ်များနှင့် တန်းတူတပ်မတော်အရာရှိ အမျိုးသမီးကိုယ်စားလှယ်များသည် တစ်နှစ်ပြီးတစ်နှစ် အရေအတွက်အားဖြင့်လည်းကောင်း၊ အရည်အချင်းအားဖြင့်လည်းကောင်း ဥပဒေပြုရေးတာဝန်များ တိုးမြှင့်တာဝန်ယူခဲ့ကြရဖူးသည်။ အုပ်ချုပ်ရေးနယ်ပယ်တွင် ကမ္ဘာ့နိုင်ငံတိုင်းနည်းတူ ထိပ်ပိုင်းအချို့နေရာများတွင် တာဝန်ထမ်းဆောင်နိုင်မှု အကန့်အသတ်ရှိလင့်ကစား အလယ်အလတ်အဆင့်တွင် တန်းတူ၊ အများစုအမှုထမ်းများတွင် အမျိုးသမီးဝန်ထမ်းများက နေရာယူပြီးဖြစ်သည်။ ကာကွယ်ရေးကဏ္ဍတွင်တော့ အသိသာဆုံးဖြစ်သည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့များတွင်ကော၊ ပြည်သူ့ရဲတပ်ဖွဲ့များတွင်ပါ အမျိုးသမီးများအနေဖြင့် အမှုထမ်းအဆင့်သာမက အရာရှိများအဖြစ်၊ လက်ရုံးတာဝန်များသာမက မြေပြင်၊ ရေပြင်၊ ဝေဟင် တိုက်ခိုက်ရေးတာဝန်များကိုပါ ထမ်းဆောင်နေကြပြီဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်သူနာပြု၊ ပညာသင်ကြားရေးကဏ္ဍတွင် ဆရာမများအရေအတွက်က အမျိုးသားထက်များပြားသည်။ ဘာသာသာသနာအတွက်လည်း အားကိုးရသည်။ စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ၏ကဏ္ဍက ကြီးမားလှသည်။

ကိုဗစ်ကပ်ရောဂါကို ကာကွယ်တိုက်ဖျက်ရာတွင်လည်း အမျိုးသမီးတတ်သိပညာရှင်၊ ကျန်းမာရေး၊ လူမှုရေးဝန်ထမ်းများ၏ ပါဝင်မှုအခန်းကဏ္ဍသည် အသိအမှတ်ပြုစရာဖြစ်သည်။ ပြည်တွင်းပြည်ပ အားကစားကဏ္ဍမှာတော့ အမျိုးသမီးဘောလုံးသမားများအပါအဝင် အမျိုးသမီးအားကစားသမားအများစုက သူတို့၏နိုင်ငံဂုဏ်ဆောင်နိုင်စွမ်းကို ပြသခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်က အခါမလပ် ချီးမြှင့်သော စွမ်းဆောင်ရည်ပြ ဂုဏ်ထူးဘွဲ့ထူးများ ရရှိရာတွင်လည်း အမျိုးသမီးအမြောက်အမြားပါဝင်သည်ကို တွေ့ရသည်။ ဤသည်ပင် နိုင်ငံနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး မည်သည့်နယ်ပယ်တွင်မဆို "မည်သူမှမကျန်ရစ်စေရ" အားလုံးပူးပေါင်းပါဝင်နိုင်မှုနှင့် အခွင့်အရေးခံစားရမှုတွင်

စာမျက်နှာ ၇ သို့

❑ မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် နိုင်ငံ့လူဦးရေထက်ဝက်ကျော်ရှိသည့် မြန်မာအမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအစဉ်အဆက်တွင် ထူးချွန်စွာ စွန့်လွှတ်အနစ်နာခံခြင်းများစွာဖြင့် ပါဝင်ခဲ့ကြဖူးသည်။ ထူးချွန်ထက်မြက်သော သမိုင်းပညာရှင် ဒေါ်မြစိန်ကဲ့သို့ နိုင်ငံတကာရေးရာအဖြာဖြာနှင့် ကမ္ဘာ့ကုလသမဂ္ဂစင်မြင့်ဇာတ်ခုံမှာ ကပြအသုံးတော်ခံ၍ ကမ္ဘာ့ရေးရာများတွင် ပါဝင်ခဲ့ကြဖူးသူများလည်း ရှိခဲ့ဖူးသည်

# မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အဲကွာဒိုဟိုဆေးဒီဗေဒဂါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၃၀ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေး ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နှစ်နိုင်ငံပြည်ဝင်ဗီဇာခွင့်ပြုဆောင်ရွက်ပေးမှုနှင့် မြန်မာနိုင်ငံအတွင်းရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများ၏ နေခွင့်သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးမှု အခြေအနေ၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများနှင့် လူကုန်ကူးမှု တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေ၊ လူကုန်ကူး ခံရသူများအတွက် နှစ်နိုင်ငံ အပြန်အလှန်ကူညီဆောင်ရွက် ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ် ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းထူးချွန်ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်သက်ဇာလှိုင်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြို့နွယ်စိုး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်သန်းသန်းထွဋ် တို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းအောင်က သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ပြီး တာဝန်ရှိသူများက ပိုက်ကျော်ခြင်းထူးချွန်ဆု၊ ကာယလေ့ကျင့်ခန်းအတွဲ အမှတ်(၃) အမျိုးသမီးပြိုင်ပွဲထူးချွန်ဆုနှင့် ဘော်လီဘောထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသား တစ်ဦးနှင့် သင်တန်းသူ တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အဆိုပါသင်တန်းကို ဇွန် ၆ ရက်မှ ဇူလိုင် ၁ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိအဆင့် သင်တန်းသား စုစုပေါင်း ၂၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းတွင် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် ရုံးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာ (ICT) လုပ်ငန်းများ ပိုမိုတတ်ကျွမ်းနားလည်လာစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်)မှ သင်တန်းနည်းပြ ၁၃ ဦးတို့က သင်ကြားပို့ချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြ ဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အားလုံးတန်းတူညီမျှမှုရှိရမည်ဟူသော နိုင်ငံတော်အကြီးအကဲ၏မူနှင့်ထပ်တူ လိုက်ပါဆောင်ရွက်မှုပင်ဖြစ်သည်။

အမျိုးသမီးရေးရာနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း အားနည်းချက်များ မရှိမဟုတ်၊ အချို့နေရာများတွင် ရှိနေဆဲဖြစ်ပါသည်။ အိမ်တွင်းအကြမ်းဖက်ခံရမှု၊ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ လိင်ဖြေဖျော်ရေးသက်သက်အသုံးချခံရမှု၊ ထိပါးနှောင့်ယှက်စော်ကားခံရမှု၊ ဘာသာရေး၊ လူမှုရေးအရ ခွဲခြားဖိနှိပ်ခံရမှု၊ ထိမ်းမြားလက်ထပ်ခွင့်အပါအဝင် ပညာသင်ကြားခွင့်ဆုံးရှုံးနေရမှုများ ရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်မူ ခေတ်အဆက်ဆက်တွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားမှုအတွက် ၁၉၉၅ ခုနှစ်ပီကင်းကြေညာစာတမ်း၊ ၁၉၇၉ ခုနှစ် SEDAW ကုလသမဂ္ဂကွန်ဗင်းရှင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များစသည့် ကတိကဝတ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ )နှင့်အညီ နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားများဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်း၍ ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်။ ဒေသတွင်းအာဆီယံနှင့်လည်း အာဆီယံအမျိုးသမီးကော်မတီ (ACW)၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ACWC)၊ ပဋိပက္ခကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ခြင်း စသည့် ဆောင်ရွက်ချက်များ တွေ့ရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံအစိုးရနှင့် လူ့အဖွဲ့အစည်းသည် အမျိုးသမီးများအပေါ် အရေးမပါသူများအဖြစ် လုံးဝသဘောမထားပါ။ အမျိုးသမီးများ၏ ထိရောက်စွာပါဝင်ခွင့်ကို ဖယ်ရှားချန်လှပ်မထားပါ။

အမျိုးသားများအတွက် ထူးခြားအခွင့်အရေး၊ အမျိုးသမီးများအတွက် သီးခြားအခွင့်အရေးဟူ၍လည်း ခွဲခြားခြင်းမရှိပါ။ မြန်မာ့လူ့အဖွဲ့အစည်းမှာ မြန်မာအမျိုးသမီးများကို အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ကျက်သရေမင်္ဂလာရှိကြသူများအဖြစ် သတ်မှတ်ပြီးဖြစ်သည်။ အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဟူ၍မရှိ၊ လေးလေးစားစား ဆက်ဆံခံထိုက်သူများဖြစ်၍ အလေးအနက်ထားမှုနှင့် နေရာပေးမှုကို ဖော်ပြလိုရင်းသာဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်သံခိဌာန်ခိုင်မာပြတ်သားပြီး မိမိအတွက်ကော နိုင်ငံအတွက်ပါ ကြိုးစားတည်ဆောက်နေကြသူများအဖြစ် ခံယူ၍ ကျားမတန်းတူညီမျှမှုအရေးတွင် ပါဝင်ဖော်ဆောင်ကြရပါမည်။ မမျှော်လင့်ဘဲ ရင်ဆိုင်ရနိုင်သော ပဋိပက္ခအခြေအနေများနှင့် အကူးအပြောင်းများအောက်တွင် တုံ့ပြန်နိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းနှင့် ကိုင်တွယ်စီမံဖြေရှင်းနိုင်စွမ်းများကို မြှင့်တင်နေရပါမည်။ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိရမည်ဖြစ်ပြီး အိမ်မှုကိစ္စနှင့် တာဝန်ဝတ္တရားများအကြား ထိန်းညှိနိုင်စွမ်းရှိရမည်။ မိမိတို့မွေးရာပါ လူ့အခွင့်အရေးနှင့်ထပ်တူ ပိုမိုသာလွန်သည်ဟု ယူဆနိုင်သော မွေးရာပါ ပင်ကိုဗီဇကိုယ်ရည်ကိုယ်သွေးများကို မိမိနိုင်ငံနှင့်လူမျိုးအရေးအရာများနှင့် အမျိုးသားအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရာတွင် အကောင်းဆုံးပုံစံဖြင့် အသုံးချသွားကြမည်ဟု ယုံကြည်မျှော်လင့်လျက် (၂၂ )နှစ်ပြည့် မြန်မာအမျိုးသမီးများနေ့ကို လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

# စက်မှုဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန / အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဒေသဆိုင်ရာအေဂျင်စီများ၏ စုပေါင်းအားနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇူလိုင် ၁**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင် များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံ သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ နှစ်ကြိမ် လာရောက်၍ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် နိုင်ငံ့စီးပွားရေးအတွက် အထောက် အကူပြုစေမည့် MSME လုပ်ငန်းများကို အားပေး ဆောင်ရွက်ပြီး လိုအပ်သည့် နည်းပညာနှင့် ရင်းနှီး ငွေများအား ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်၊ MSME မှ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန် ပစ္စည်းများကို တန်ဖိုးမြှင့် (Value Added) ထုတ်လုပ် ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ရောင်းချနိုင် ရေး ဆောင်ရွက်ပေးရန်၊ စိုက်ပျိုး/မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင် စွာ ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်း အမြစ်ကောင်းများ မွေးထုတ်ပေးရန် လမ်းညွှန်မှုပြုခဲ့ ပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီး MSME အေဂျင်စီ အပါ အဝင် ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME လုပ်ငန်းများ မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်၍ အေဂျင်စီ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား လစဉ်လုပ်ငန်းကော်မတီ သို့ အစီရင်ခံတင်ပြရန်နှင့် လုပ်ငန်းကော်မတီမှ ဗဟို ကော်မတီသို့ စုစည်းသုံးသပ် တင်ပြအစီရင်ခံသွားမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး MSME အေဂျင်စီအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှု နှင့်အညီ ဗဟို MSME အေဂျင်စီနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ရန်နှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဒေသဆိုင်ရာ အေဂျင်စီများ၏ စုပေါင်း အားနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေး ဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုကြီးကြပ် ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုင်ရာ ကိစ္စရပ်များနှင့် MSME Web Portal ဆိုင်ရာကိစ္စရပ် များ၊ ချေးငွေ ရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြ ကြပြီး တက်ရောက်လာသူများက ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက MSME ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီကဲ့သို့ မူဝါဒချမှတ်ပေး သည့်အဖွဲ့အစည်းများနှင့် အဆိုပါ မူဝါဒများကို လက်တွေ့ အကောင်အထည်ဖော်နေသည့် ဒေသ ဆိုင်ရာအေဂျင်စီများအကြား တွေ့ဆုံဆွေးနွေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှသာ MSME ဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင် မည်ဖြစ်ပြီး ရလဒ်ကောင်းများ ဖန်တီးနိုင်မည်ဖြစ် ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းပံ့ပိုး ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကိုယ်စားလှယ်များ၊ ကျွမ်းကျင် ပညာရှင်များနှင့် ပေါင်းစပ်၍ ဆောင်ရွက်ရ မည့် ကိစ္စရပ်များကိုလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ပြည်တွင်းစားသုံးဆီဈေးနှုန်းကျဆင်းရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ စားသုံးဆီ တင်သွင်း ဖြန့်ဖြူးနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် စားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တွေ့ဆုံပြီး စားသုံး ဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဈေးကွက် ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စနစ်တကျ ရှိစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေးတွင် နိုင်ငံတော် ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် လမ်းညွှန်ချက်များကို ရှင်းလင်း ပြောကြားပြီး စားသုံးဆီများ ပြည်ပမှ တင်သွင်းရာတွင် စနစ် တကျ ရှိစေရေးနှင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင်လည်း သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ် ရေးအတွက် စားသုံးဆီတင်သွင်း သည့် ကုမ္ပဏီများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များနှင့် အညီ ဖြန့်ဖြူးရောင်းချရေးဆိုင်ရာ ကိစ္စ ရပ်များကို ဆွေးနွေးပြောကြား သည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက စားသုံးဆီ တင်သွင်းရောက်ရှိ မည့် အခြေအနေများ၊ ဈေးကွက်လိုအပ် ချက်ကို ပြည့်မီအောင် ဖြည့်ဆည်း ပေးနိုင်ရေးနှင့် သတ်မှတ်ဈေးနှုန်း အတိုင်း ဈေးကွက်သို့ ဖြန့်ဖြူး ရောင်းချရေး စီမံဆောင်ရွက်သွား မည့်အခြေအနေများကို ဝိုင်းဝန်း ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် ချက်များ မှာကြားဆွေးနွေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်ရှိလှော်ကား ရေဝေရေလဲဒေသ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုး သမီးကော်မတီမှ ကြီးမှူး၍ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက် ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကား ရေဝေရေလဲဒေသ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် အမျိုးသမီး ကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့များ၊



ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနတို့မှ ဝန်ထမ်းများ တက်ရာက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ က အမျိုးသမီးကော်မတီဝင်များ သို့ စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရတနာတန်းဝင် ပင်ဖြစ်သည့် မဟော်ဂနီပင်အား ဦးဆောင်စိုက်ပျိုးပြီး တက်ရောက် လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုး ပွဲတော်၌ ရတနာတန်းဝင်ပင် ၆၄၈၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တံတားဦးမြို့နယ်ရှိ သမဝါယမကျေးရွာများသို့ အရင်းမပျောက်မတည်ငွေများ ပေးအပ်

**တံတားဦး ဇူလိုင် ၁**

တံတားဦးမြို့နယ်အတွင်းမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး သမဝါယမကျေးရွာ များသို့ အရင်းမပျောက်မတည်ငွေများ ပေးအပ်ပွဲကို တံတာဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က အရင်းမပျောက်မတည်ငွေများကို ကျေးရွာများရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းများအတွက် တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုများ ဝယ်ယူရေးအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားကာ အရင်းမပျောက်မတည်ငွေများကို တာဝန်ရှိသူများက ကျေးရွာများသို့ ပေးအပ်သည်။ တံတားဦးမြို့နယ်၌ အခြေခံသမဝါယမ အသင်းပေါင်း ၁၃၈ သင်း ရှိသည့်အနက် ယနေ့တွင် ချောင်းခွကျေးရွာ သပြေစိုက်ထွေအသင်း၏ ကေ ၂၅၀၊ မြင်စိုင်းကျေးရွာ အခြေခံစိုက် ထွေအသင်း၏ ကေ ၂၅၀ နှင့် သူငယ်တော်ကျေးရွာ ရွှေငယ်မြေလယ်ထွေ အသင်း၏ ၁၃၈ ကေအတွက် ငွေကျပ် ၁၂၇ ဒသမ ၆ သန်းကို ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC) နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး





နေပြည်တော် ဇူလိုင် ၁

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ထိခိုက်စေသည့် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး ဖြစ်စဉ်များကို ထိခိုက်စေသဖြင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေသော မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့် ရှေ့နေချုပ် Mr. Igor Krasnov တို့က နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပရန်၊ နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန် သွားရောက်ခြင်း၊ ဥပဒေရေးရာကိစ္စရပ်များတွင် အကြံဉာဏ်ပေးခြင်း၊ အဂတိလိုက်စားမှု ကျူးလွန်ရာမှ ရရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပူးပေါင်းဖွင့်လှစ်ရန်၊ မျိုးဆက်သစ်လူငယ်များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်" ရည်ရွယ်ရေးထိုးခဲ့ခြင်း ဖြစ်ပြီး အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ ရှေ့နေချုပ် Mr. Igor Krasnov နှင့် သံအမတ်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် Mr. Igor Krasnov နှင့် သီးသန့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအမံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က "ယခုနှစ် ၂၀၂၃ ခုနှစ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် (၇၅) နှစ်ပြည့်မြောက်သည့် စိန်ရတုနှစ်ဖြစ်သဖြင့် ထူးခြားသည့်နှစ် တစ်နှစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးကဲသည့် ကာလတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး မှတ်တိုင်တစ်ခု ထူထောင်နိုင်ခြင်းပင်ဖြစ်သဖြင့် ဂုဏ်ယူမိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်နိုင်ရေး ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ အကြံဉာဏ်ကို ရယူဆောင်ရွက်လိုကြောင်း၊ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးလိုကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units – CPUs) ဖွဲ့စည်းထားပြီး အဆိုပါ အဖွဲ့များသို့ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့များကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေး ရှေ့နေချုပ်ရုံး၏ အကူအညီဖြင့်ဆောင်ရွက်လိုကြောင်း၊ ကော်မရှင်က လုပ်ဆောင်နေသည့် ကျောင်းသားလူငယ် အသိပညာပေး အစီအစဉ်များ၊ လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အစီအစဉ်များတွင်လည်း နည်းပညာအကူအညီများကို ရယူလိုကြောင်း" ဆွေးနွေးခဲ့သည်။

ရှေ့နေချုပ် Mr. Igor Krasnov က ပြန်လည်ဆွေးနွေးရာတွင် "ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် များစွာဂုဏ်ယူမိကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့်လည်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးလုပ်ငန်းများက အရေးကြီးကြောင်း၊ ထို့ကြောင့် ရှေ့နေချုပ်ရုံးက ဆောင်ရွက်လျက်ရှိသည့် International Youth Social Anti–Corruption Advertising Competition "Together Against Corruption" တွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ကူညီဆောင်ရွက်ပေးရန် ဖိတ်ခေါ်လိုကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လွန်စွာအရေးကြီးသဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်မည့် "8th Eastern Economic Forum" တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ၏ ဆက်စပ်မှုကို ဆွေးနွေးသွားရန်ရှိသဖြင့် ကော်မရှင်ဥက္ကဋ္ဌကို ပါဝင်တက်ရောက် ဆွေးနွေးပေးပါရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသားလူငယ်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဖိတ်ခေါ်၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအတွက် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့ဘက်က သင်ကြားပေးလိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ University of Prosecutor's Office သို့ ရောက်ရှိကာ တက္ကသိုလ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သင်ကြားပို့ချပေးခြင်းဆောင်ရွက်နေမှုများကို လေ့လာခဲ့ပြီး ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhailovach နှင့် သီးခြားတွေ့ဆုံခဲ့သည်။ ထိုကဲ့သို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက "မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များ၊ ကျောင်းသားလူငယ် ပညာပေးအစီအစဉ်များနှင့် Edu–tainment အစီအစဉ်များကို ကျောင်းသားလူငယ်များအကြား အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် University of Prosecutor's Office of the Russian Federation တက္ကသိုလ်နှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် နည်းပညာအထောက်အကူပြု သင်တန်းများ ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးခဲ့ရာ ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhailovach က ၎င်းတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ နည်းပညာသင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ယနေ့ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရုံးဝန်ထမ်းများနှင့် မြို့နယ်စု ကော်မတီဝင်များသည် ဇူလိုင် ၁ ရက်က မြို့နယ်သမဝါယမရုံး၌ ဂုဏ်ပြုပွဲကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မြင့် ရုံးလုပ်ငန်း ကျွမ်းကျင်သည့် ဝန်ထမ်းကို ဂုဏ်ပြုဆုချီးမြှင့် ပေးအပ်စဉ်။

အောင်တင်ကြည် (ပြန်/ဆက်)



**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

## မကွေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မကွေး ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် သွားရောက်၍ ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ စုပေါင်းသန့်ရှင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်းအင်အား ၂၀၀ ဖြင့် အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်းရှိ မြက်ပင်များနှင့် ချုံနွယ်များကို ခုတ်ထွင် ရှင်းလင်းခြင်း၊ ကျောင်းအားကစားကွင်းကို မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ခြင်းတို့ကို စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် မြို့ရွာ သန့်ရှင်းသာယာ လှပစေရေး ဘုရားစေတီပုထိုးများ၊ ရုံးဌာနအဆောက်အအုံများနှင့် ကျောင်းပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အပတ်စဉ် (စနေနေ့တိုင်း) တိုင်းလုံးကျွတ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရှင်မဟာရဋ္ဌသာရ နှစ် ၅၅၅ နှစ်ပြည့်

**မောင်လူမွေး(မြန်မာမှု)**

မြန်မာစာပေလောကတွင် ဂန္ထဝင်မြောက် ထင်ရှားခဲ့ကြသည့် ရှေးစာဆိုကြီးများအနက် အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ရှင်မဟာရဋ္ဌသာရ ဆရာတော်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်။

ထိုခေတ် ပေါ်ပေါက်ခဲ့ကြသော ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာ၊ ဝံတောင်လည်ဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ ရှင်ဥက္ကန္တဂုတ္တ စသည့်စာဆိုရှင်များ၏ ပျို့စာပေများသည် တစ်တောတစ်ကြက်ဖဆိုသလို အကြောင်းအရာအလိုက် ထင်ရှားကြပါကုန်၏။ ထူးခြားကောင်းမွန်လှကြပါပေ၏။

ထိုစာပေပညာရှင်များထဲမှ လူသိများကြသည့် ပုဂ္ဂိုလ်မှာမူ ရှင်မဟာရဋ္ဌသာရအကျော် ဆရာတော်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ဆရာတော်နှင့်ခေတ်ပြိုင် ပေလေးပင်ရှင်လေးပါးအပါအဝင် ထင်ရှားတော်မူသည့် ဆရာတော် ရှင်မဟာသီလဝံသ၏ ထေရုပ္ပတ္တိကိုရေးသောအခါ မွေးသက္ကရာဇ်ကို " သက္ကရာဇ် ၈၁၅ နှစ်ဖွား" ဟုပင် သာမန်ဖော်ပြရလေသည်။

**မှတ်တမ်းစာပေ အထောက်အထားများ**

"ဆုတောင်းခန်းပျို့ကို မည်သည့်သက္ကရာဇ်၊ မည်သည့်နှစ်တွင် ရေးသားပြီးစီးကြောင်းနှင့် အမှတ်အသား ထိုပျို့နိဂုံး၌လည်း မပါမရှိ၊ သို့ရာတွင် ဒုတိယမင်းခေါင်လက်ထက်ဟု ဆိုသောကြောင့် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် တံတားဦးတည်မင်္ဂလာစေတီတော် မော်ကွန်း ၁၂ – ပိုဒ်ကို ရေးသားစီရင်ပြီးသည့်နောက် သက္ကရာဇ် ၈၆၀ ပြည့်နှစ်ခန့်လောက်တွင် ဖြစ်ရာသည်…" ဟု ဆရာကြီး မောင်သုတက စာဆိုတော်များအတ္ထုပ္ပတ္တိတွင် သုံးသပ်ဖော်ပြထားလေသည်။ ဆိုလိုသည်မှာ အချို့စာဆိုပုဂ္ဂိုလ်များ၏ မွေးသက္ကရာဇ်ကို တိတိကျကျမသိရဟု တင်ပြလိုရင်း ဖြစ်ပါသည်။ သို့သော် ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ မွေးနေ့သက္ကရာဇ်၊ ကျမ်းပြီးနှစ်များနှင့် ပျံလွန်တော်မူသောကာလကိုမူ မှတ်တမ်းစာပေ အထောက်အထားများကြောင့် အလွယ်တကူ သိနိုင်သည်ဟု ဆိုရပါမည်။

ထို့ကြောင့် ၅၅၅ နှစ်ပြည့်ကို မည်သည့် အထောက်အထားနှင့် ယူသည်ကို တင်ပြလိုခြင်း ဖြစ်ပါသည်။

ကိုးခန်းပျို့ အပိုဒ်– ၂၃–

**"…တောင်ကား ပင်းယ၊ မြောက်မှ စစ်ကိုင်း၊ ရံဆိုင်းသာလှ၊ ရွှေအင်းဝ၌၊ နန်းကမြင်ထင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ ထားသည့်သာသနာ၊ သချာအမှန်၊ နှစ်ထောင်လွန်၍၊ အစွန်မြတ်မူ၊ ဆဲ့နှစ်ခုဝယ်၊ ဥတုဝသာ၊ မိုးလရှေးဖျား၊ နေသွားကရကဋ်၊ ခေါ်မှတ်ဝေါဟာ၊ အာသဠ္ဌာ၌၊ ပညာပွားဘို့၊ ကုသိုလ်ပို့သား၊ ငါတို့ဘွားရာ၊ ချက်မြုပ်ရွာသည်၊ အောင်ချာပြည်ကြီး၊ နားငွေ့ောင်းတည်း(ကိုးခန်းပျို့ နိဂုံး)…"**

ဟု ရေးဖွဲ့ထားသည်ကို သုံးသပ်၍ သာသနာတော်နှစ် ၂၀၁၂–ဥတုဝသာ၊ မိုးလရှေးဖျား၊ နေသွားကရကဋ်ရာသီဆို၍ ဝါဆိုလအာသဠ္ဌာ၌ (အာသဠိသနက္ခတ်) နှင့်ယှဉ်၍ မွေးဖွားသည်ဟု သိရပေသည်။ သာသနာတော်နှစ်ကိုသာဖော်ပြပြီး ကောဇာသက္ကရာဇ်ကိုမူ မဖော်ပြပေ။ ကရကဋ်ရာသီ အာသဠ်နက္ခတ်ဟု ဆိုထား၍ အာသဠိသနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်ကို ရပေသည်။ ကောဇာသက္ကရာဇ်နှင့် သာသနာတော်နှစ်ကို တွက်လိုသော် **"ဒွေအင္ဂနှင့် ကေ ကော"** ဆိုသည့် အတိုင်း **(၂၈၁၁ ကို ပဋိလောမ= ပြောင်းပြန်၊ ၁၁၈၂ ပေါင်းရ၊ နုတ်ရလေသည်။** ၂၀၁၂– ၁၁၈၂ = ၈၃၀)

ထို့ကြောင့် ကောဇာသက္ကရာဇ် ၈၃၀ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ဟု အဖြေရရှိလေသည်။

ဆရာကြီး မြကေတုက – ပိဋကတော် ဦးယံ စီရင်သော မဟာရဋ္ဌသာရ ထေရုပ္ပတ္တိကထာကို မှီး၍ ဆရာတော်၏ မွေးနေ့သက္ကရာဇ်များနှင့် စာပြီးနှစ်များကို ခွဲခြားပြသထားလေသည်။


"ရှင်မဟာရဋ္ဌသာရအလောင်း မောင်မောက်ကို သက္ကရာဇ် ၈၃၀– ဝါဆိုလပြည့်နေ့ ကရကဋ်ရာသီ အာသဠ်ကြိုက် ဗုဒ္ဓဟူးနေ့ နံနက်အရုဏ်တက်တွင် အင်းဝရွှေမြို့တော်အလယ်တွင် ဖွားမြင်တော်မူခဲ့လေသည်"ဟု မွေးဖွားသက္ကရာဇ်ကို ဖော်ပြထားလေသည်။

**"သို့ဆိုပါက ယခုနှစ် ၁၃၈၅ ခု (၁–၈–၂၀၂၃) ဒုတိယ ဝါဆိုလပြည့်နေ့သည် ရှင်မဟာရဋ္ဌသာရ မွေးနေ့နှစ်ပေါင်း ၅၅၅ နှစ်ပြည့်ပြီးဖြစ်သည်။"**

ဆရာတော်၏ ငယ်မည်မှာ မောင်မောက်ဖြစ်သည်။ ဖခင်မှာ ဟံသာဝတီ ရာဇာဓိရာဇ်မင်း၏ သမီးတော် ရှင်စောပု၏မြေး ဓမ္မပါလဖြစ်သည်။ အမိမှာ အင်းဝမြို့တော် အဦးအစတည်သော သတိုးမင်းဖျား၏ အနွယ်တော် စောနန်း၏ (မြစ်တော်) ဖြစ်သည်။


■ ထိုခေတ် ထိုအခါကလည်း ဇာတ်တော်နိပါတ်တော်တို့ကို ရေးသားဟောကြားကြရာ၌ စကားပြေ စုဏ္ဏိယဟောစဉ်များဖြင့် ရေးသားဟောကြားကြသော ခေတ်ဖြစ်လေရာ ပျို့၊ ကဗျာ၊ လင်္ကာရေးသားကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရဆရာတော်တို့အား သဘင်သည်များနှင့် ကံကြီးကံငယ်အတူမဆောင်ဟုဆိုကာ ကန့်ကွက်ကြဉ်ဖယ်ကြသည်လည်း ကြုံတွေ့ရလေသည်










**နန်းတော်ထဲတွင် စာပေသင်ကြား**

မောင်မောက်သည် ငါးနှစ်အရွယ်ကပင် မဟာဆွေတော်မျိုးတော် မင်းသား၊ မင်းသမီးတို့နှင့် နန်းတော်ထဲတွင် စာပေသင်ကြားရလေသည်။

မောင်မောက် ၁၀ နှစ်အရွယ်ရှိသောအခါ ဖခင်ဖြစ်သူ ဓမ္မပါလအမတ်နှင့် နန်းတော်သို့ခေါ်၍ ဝင်ရာ ဒုတိယမင်းခေါင်၏ သမီးတော်သုံးပါးကို နားထွင်းမင်္ဂလာသဘင် ဆင်ယင်ကျင်းပသောအခါနှင့် ကြုံကြိုက်သဖြင့် ဒုတိယမင်းခေါင်က ဓမ္မပါလအမတ်(မောင်မောက်ဖခင်)ကို စာဆိုစေရာ သားဖြစ်သူက ခွင့်တောင်း၍ –

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**နတ်သော်ပုံမယွင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**ရွှေလှော်သွန်းပုံဆင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**စန္ဒော်လနှယ်ဝင်း၊**

ဟု ရုတ်ခြည်းစပ်ဆိုတော်မူလေသည်။

ထိုးထွင်းဉာဏ်နှင့် ပဋိဘာန်ရှိသော ထူးသော ပါရမီကို လူငယ်ဘဝကပင် ပြလေတော့သည်။ ရှင်သာမဏေပြုသည့်နှစ်ကိုမူ အသက်ကာလ အတိအကျမသိရသော်လည်း နေခေါင်တော်ရင်း ရှင်ဝရစက္ကပါလထံတွင် အခြေခံသင်ရိုးကို သင်ယူခဲ့ပြီး ၁၉ နှစ်အရွယ်ရောက်သောအခါ စစ်ကိုင်း သီဟိုဠ်ပြန်ဆရာတော် (သီဟိုဠ်ရောက်ကြီး) ထံတွင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဝေဒပညာရပ်များ သင်ကြားခဲ့ကြောင်း ရေးဖွဲ့ခဲ့သော ပျို့စာပေများမှ သိရလေသည်။

**လောကီရေးရာ ရသစာပေစုများ**

ဆရာတော်သည် နုပျိုစဉ်ရှင်ဘဝ၊ ဦးပဉ္စင်းငယ်ဘဝတွင် လောကီနှင့် လောကုတ္တရာကြား လွန်ဆွဲအားကြောင့်– **"ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်"အစချီ၍ "မျှော်လင့်ခိုးရှာလေတော့သည်(နှမလက်လျှော့နေလေတော့)"** ဟူသော ရတု၊ ရွှေစက်တော်ဘုရားဖူးသွားစဉ် ချိုးမောင်နှံသီကျူးမှုက ချစ်သူဘဝအစဉ်ကို ထင်ဟပ်မှု စသည့်စာပေစုများမှာ လောကီရေးရာ ရသစာပေစုများ ဖြစ်ပေသည်။

ထိုခေတ် ထိုအခါကလည်း ဇာတ်တော်နိပါတ်တော်တို့ကို ရေးသားဟောကြားကြရာ၌ စကားပြေ စုဏ္ဏိယ ဟောစဉ်များဖြင့် ရေးသားဟောကြားကြသောခေတ်ဖြစ်လေရာ ပျို့၊ ကဗျာ၊ လင်္ကာရေးသားကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ ဆရာတော်တို့အား သဘင်သည်များနှင့် ကံကြီးကံငယ်အတူမဆောင်ဟုဆိုကာ ကန့်ကွက်ကြဉ်ဖယ်ကြသည်လည်း ကြုံတွေ့ရလေသည်။

ဆရာတော် သက်တမ်းတစ်လျှောက်တွင် တိုင်းရေးပြည်ရာနှင့် ဆက်စပ်သော မင်းများမှာ ဒုတိယဘုရင်မင်းခေါင်၊ ရွှေနန်းကျော့ရှင် ဘုရင်နရပတိ၊ ဆင်ဖြူရှင် သတိုးမင်းစော၊ ဘုရင်မင်းထွေး (ဆင်ဖြူရှင်သား)တို့နှင့် ထိတွေ့ ဆက်ဆံခဲ့ရလေသည်။

နရပတိဘုရင်၏ နန်းတော်သစ် ဆောက်တော်မူရာ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရကို ပင့်၍ နန်းဘွဲ့မော်ကွန်း ရေးသားသီကုံးပါရန် လျှောက်ထားရာ ရှင်မဟာရဋ္ဌသာရက ရေးမည်ဟု ဝန်မခံဘဲ ကျောင်းသို့ပြန်ကြွသွားလေသဖြင့် ဘုရင်နရပတိ စိတ်ခုသည်ကိုသိ၍ –

**"…ပီတိပြောဟုံ၊ ထိုသို့ကုံလျက်–ရွှေဘုံပွင့်နန်း…"**

အစချီ မျက်ဖြေလင်္ကာသုံးပုဒ် ရေးဖွဲ့တော်မူခဲ့၏။

သက္ကရာဇ် ၈၆၇ ခုနှစ် ဆရာတော်သက်တော် ၃၇ နှစ်အရွယ် ယင်းတော်မြို့စား ငတုံးတာ၊ သျှိသျှားမြို့စား ငပြည့်ဝတို့နှင့် တောင်ငူမင်း၊ ပြည်မင်းတို့ ပူးပေါင်း၍ စလေမြို့ ပုံတောင်မှ ပုန်ကန်သည်ကို အောင်နိုင်၍ ပုံတောင်နိုင်မော်ကွန်းကို စပ်ဆိုတော်မူခဲ့လေသည်။

ဤသို့ အကြောင်းအရာများကို ထုံ့ပိုင်းထုံ့ပိုင်းဖြင့် ဖော်ပြရခြင်းမှာ ဆရာတော်ရေးဖွဲ့တော်မူသော စာပေများသည် ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရ ကိုးခန်းပျို့ကဲ့သို့ ပိဋကတ်စာပေလာ လောကုတ္တရာအကြောင်းချည်း မဟုတ်ဘဲ လောကီအကြောင်းအရာများရော၊ မင်းရေးမင်းရာရော ပါဝင်မှုများကို ရေးဖွဲ့သောကြောင့် ရှေးစာပေ သုတေသီများက ဆရာတော်၏စာသည် လောကီပါလိုက်၊ လောကုတ္တရာပါလိုက် ဖြစ်နေ၍ ထန်းတက်သမားသည် ထန်းပင်ကို တက်သောအခါ ထန်းပင်နှင့်ရင်ဘတ် ပူးတုံခွာတုံဖြစ်နေသကဲ့သို့ ထန်းတက်သမား၏ ရင်ဘတ်နှင့်တူသည်ဟု တင်စားကြလေသည်။

ဆရာတော်နှင့်ခေတ်ပြိုင် ရှင်မဟာသီလဝံသ၏ ပါရာယဏဝတ္ထု၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ သံဝေဂခန်းပျို့ စသည့်စာပေများမှာမူ လောကုတ္တရာစာပေသာများ၍ မြေကြီးနှင့် တစ်သမတ်တည်းကပ်နေသော လိပ်ရင်ဘတ်ကဲ့သို့ ဟု တင်စားကြလေသည်။

ထိုထန်းတက်သမားရင်ဘတ်ကဲ့သို့ပင် ဆရာတော်သည် လောကုတ္တရာကို ရှေးရှုသလို လောကီရေးရာများကိုလည်း မျက်ခြည်မပြတ်ခဲ့ပေ။ ထို့ကြောင့် သက်တော် ၅၆ နှစ်အရွယ်တွင် စတုဓမ္မသာရ ကိုးခန်းပျို့ကိုရေးပြီး နိဂုံးချုပ်ခါနီးတွင် တိုင်းရေးပြည်ရာများ စိတ်မအေးဖွယ်ရာ ကြုံတွေ့လာရပုံကို လောကီရေးရာ မျက်ကွယ်မပြုခဲ့သောကြောင့် ပျို့လင်္ကာထဲတွင် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

*စာမျက်နှာ ၁၁ သို့*

# ချစ်သောစံပယ် ပွင့်ပါကွယ်

❖ "တစ်ပွင့် ပန်ချင်တယ် x x
တစ်ပွင့်တည်း ပန်မယ် x x
ငွေသားနဝတ်လွှာရယ် x x
စံပယ်တို့လို ဖွေးဖွေးလွလွ x x"
အစရှိသည်၊ ပုလဲသီသို့
ချိုကြည်အေးနွဲ့၊ သံစဉ်လဲ့နှင့်
တေးဖွဲ့ယှက်သွယ် လှသွေးကြွယ်သည့်
စံပယ် သီချင်း၊ ငယ်စာရင်းမှ
ရင်တွင်း ခုတိုင်၊ သင်းပျံ့ကြိုင်ဆဲ
မေ့နိုင်ဖို့ဝေး၊ စံပယ်လေးကို
တွေးတိုင်း ဥပမာ၊ နှိုင်းမိပါသည်
မြန်မာမလေး နယ်ပါတကား။
❖ စံပယ်ဟူသည်၊ ပွင့်ငုံစီ၍
တူညီပွင့်နုန်း၊ တစ်ပင်လုံးတည့်
ရွှင်ပြုံးတုလွတ်၊ ဖွေးဖွေးဆွတ်သည်
ညီညွတ်မှုနှင့် သာတကား။
❖ စံပယ်ဟူပြား
ထွေပြား ဝါနီ၊ မရှိပြီတည့်
ခြယ်သည်တစ်ရောင်၊
ဆောင်သည်တစ်သွင်
ရှုတိုင်းယဉ်သည်
ဖြူစင်မှုနှင့် သာတကား။
❖ စံပယ်ဟူက၊ ဘယ်မျှသေးသေး
မမွှေးဘယ်ခါ၊ မရှိပါတည့်
ချပ်လွှာဆင့်ဆင့်၊ ငုံအာလင့်သော်
တစ်ပွင့်လည်းထုံ၊ တစ်ငုံလည်းသင်း
တစ်ခင်းလည်းလွင်၊ မြတ်မိခင်ကို
ဂုဏ်အင်မြင့်မားစေသည်တကား။
❖ ဩော်...ညီညွတ်ခြင်းကို၊ ဖွင့်ဟဆိုသော
ဖြူစင်ခြင်းကို၊ ဖော်ကျူးလိုသော
မိခင်မြေကို၊ ဂုဏ်မြှင့်လိုသော
ထိုစံပယ်မှာ၊ နှိုင်းစရာကား
မြန်မာမလေး၊ လှယဉ်ကျေးနှင့်
သွေးရောင်တူမျှ၊ မွေးကြူးစမို့
ကာလခုခါ၊ တို့ပြည်သာဝယ်
ကလျာ နွယ်မျိုး၊ စံပယ်ဦးတို့
အထူးဂုဏ်တင့်၊ မျိုးဂုဏ်မြှင့်ဖို့
မျှော်ချင့်တတ်သော၊ မြတ်မနောဖြင့်
ချစ်သော စံပယ် ပွင့်ပါကွယ်။
ပုလဲ မိုးစက် ဖျန်းပက်မယ်။
တိုင်းပြည့် အင်အားဖြစ်စေရွယ်။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

■ မြင်းမူမောင်နိုင်မိုး

# မွန်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုး

မော်လမြိုင် ဇူလိုင် ၁

**မွန်ပြည်နယ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုများကို ပြန်လည်အစားထိုးနိုင်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားဖြစ်ပြီး သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုအများဆုံးခံစားကြရသည့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် လေပြင်းတိုက်ခတ်မှုများ၊ ဆားငန်ရေဝင်ရောက်မှုများ၊ ရေကြီးရေလျှံမှုများကို တားဆီးကာကွယ်ရန်နှင့် ဒေသနှင့်ကိုက်ညီသော လေပြင်းမုန်တိုင်းဒဏ်ခံနိုင်သည့် ကြီးမြန်သစ်မျိုးများ စိုက်ပျိုးကြခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို လျော့ပါးသက်သာစေနိုင်ကြောင်း၊ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သောအပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့်အပင်အမျိုးမျိုးကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးအပင်များကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး အများပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ကျွန်း၊ ရင်ခတ်၊ ပုန်းညက်၊ ရင်းမာ၊ ခရေ၊ သပြေဘူတာ၊ စိန်ပန်း၊ မယ်ဇယ်၊ မဟော်ဂနီ၊ မန်ကျည်းရှား စသည့်သစ်မျိုး ၁၀ မျိုး အပင်အရေအတွက် ၇၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဤသို့နှင့် သက္ကရာဇ် ၈၈၆ ခုနှစ်တွင် မိုးညှင်းစလုံနှင့် ပြည်ဘုရင် ဆင်ဖြူရှင် သတိုးမင်းစောတို့ အင်းဝကို တိုက်ကြရာ အင်းဝခေတ်ပျက်သုဉ်းမှုအစ ဖြစ်လေတော့သည်။

စစ်နိုင် ပြည်ဘုရင် ဆင်ဖြူရှင်က ဆရာတော်ကို ပြည်သို့ပင့်ဆောင်၍ သာသနာ့အဆောင်အယောင်နှင့် သာသနာပိုင်ခန့်ပြီး ကိုးကွယ်တော်မူလေသည်။

အင်းဝတွင် မိုးညှင်းစော်ဘွား စလုံ၏သား သိုဟန်ဘွား နန်းတက်သောအခါ ပြည်ဘုရင် ဆင်ဖြူရှင်လည်း နတ်ရွာစံတော်မူလေပြီး သားတော် ဘုရင်ထွေးက ဆက်လက်ကိုးကွယ်တော်မူ၏။

**တိုင်းပြည်အနာဂတ်အရေး ရင်မအေးဖွယ်ရာ**

ဆရာတော်သည် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးပြီ ဆိုစကားသို့ ဘဝပတ်ဝန်းကျင် အတွေ့အကြုံများစွာ ကြွယ်ဝခဲ့ပြီ။ ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ဖူးပြီ၊ တိုင်းပြည်အနာဂတ်အရေး ရင်မအေးဖွယ်ရာကို ကြိုတင်မြင်ခဲ့ပေလိမ့်မည်။ ထင်သည့်အတိုင်းပင် "ဂ"ငယ်သုံးခု ဥဿျစ်ထု ဆိုသကဲ့သို့ သက္ကရာဇ် ၈၈၈ ခုနှစ်တွင် သိုဟန်ဘွားအုပ်ချုပ်သောအခါ အနော်ရထာ စုစည်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားလေတော့သည်။ ထိုအကြောင်းအရာကို ကိုးခန်းပျို့ နိဂုံးပိုဒ်ရေ - ၈ - တွင် -

**"...အစွန်းငါးခု၊ ပဿျူအဌ၊ ဒီဃသက္ကရာဇ်၊ ရောက်လစ်သောအခါ၊ တရာသီတည်း၊ ကုံတွင်ချည်းလျှင်၊ ဝေးစည်းငြိုဟ်စု၊ ပေါင်းလုနီးနီး..."**

အစချီကာ ဗေဒင်ကိန်းခန်းအရ ဘာတွေဖြစ်တော့မည်ဟု ကြိုတင်၍ ရေးခဲ့လေသည်။ တိုင်းပြည်သာယာဝပြောတည်ငြိမ်မှ ပြည်သူအပေါင်း အေးငြိမ်းကြောင်း ဖြစ်သည်ကို လူတိုင်းလူတိုင်း(ပြည်သူများ)သိစေလိုသည်။ သို့နှင့် ပြည်မြို့သို့ ကြွရောက်သီတင်းသုံးနေစဉ် ဆင်ဖြူရှင်သားဘုရင်ထွေးကို ဆုံးမသည့်အနေဖြင့် သံဝရပျို့ကို ရေးဖွဲ့ခဲ့လေသည်။ သံဝရပျို့ နိဂုံးပိုဒ်တွင်-

**"...တယောက်ကိုချည်း၊ ... တမတ်တည်းဖြင့်၊ ထုံးနည်းကြံရေး၊ ပေးအံ့မရည်၊ အပြည်ပြည်၌၊ မကြည်ညီနောင်၊ မင်းကုန်အောင်ကို၊ မြဲနှောင်မေတ္တာ၊ တည်စိမ့်ငှာလျှင်၊ ဤစာချစ်ကြောစပ်သတည်း..."**

ဟု ရေးဖွဲ့ထားလေသည်။ ထိုသံဝရပျို့ကို-

**"...သက္ကရာဇ်သင်္ချာ၊ ရှစ်ရာအစ၊ နဝအလယ်၊ နှောင်းဆွယ်ဂေါ၊ လ-ကား အာသဠ်၊ နေ့မှန် ဗုဒ္ဓဝါ၊ ပုဏ္ဏာပြည့်ညီ၊ တီထီဆန်းတက်၊ ဆဲ့ငါးရက်ဝယ်..."**

ဟု နိဂုံးတွင် ရေးသားထားရာ သက္ကရာဇ် ၈၉၁ ခု၊ ဝါဆိုလဆန်း-၁၅ (ဝါဆိုလပြည့်) ဗုဒ္ဓဟူးနေ့တွင် သံဝရပျို့ ပြီးတော်မူလေသည်။

ပြည်မြို့တွင် ဘုရင်မင်းထွေး နန်းစံ လေးနှစ်မြောက်၊ ၈၉၂ သီတင်းကျွတ်လဆန်း ၁၅ (လပြည့်နေ့) သက်တော် ၆၂ နှစ်၊ ရောင်နီလာချိန်တွင် ပျံလွန်တော်မူလေသည်။

ရှင်မဟာရဋ္ဌသာရ နှစ် ၅၀၀ ပြည့်ကို မြန်မာနိုင်ငံသုတေသနအသင်းကရော၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကပါ ၁၃၃၀ ပြည့်၊ ဝါဆိုလဆန်း ၁၅ (ဝါဆိုလပြည့်နေ့)၊ ၉-၇-၁၉၆၈ စာပေါင်းစု ထုတ်ဝေခဲ့လေသည်။

**ရေးသားပြုစုခဲ့သော စာပေစုများ**

ဆရာတော်ရေးသားပြုစုခဲ့သော စာပေစုများမှာ-

(၁) ဘူရိဒတ်လင်္ကာကြီး
(၂) ဘူရိဒတ်ဇာတ်ပေါင်းပျို့
(၃) တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း
(၄) ပုံတောင်နိုင်မော်ကွန်း
(၅) စတုဓမ္မသာရ ကိုးခန်းပျို့
(၆) ဂမ္ဘီသာရပျို့
(၇) ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း
(၈) ရွှေစက်တော်သွား တောလားလင်္ကာ
(၉) အတိုင်းမသိ အစချီ-စက်တော်ရာလင်္ကာ
(၁၀) မင်္ဂလာအောင်ပွဲတော် ရဲရည်တက် မော်ကွန်း
(၁၁) ရတနာပူရ မြို့တည်မော်ကွန်း
(၁၂) မိတ္တီလာကန်တော်ဘွဲ့ မော်ကွန်း
(၁၃) ဘုရင်မင်းခေါင်ထံသွင်း လင်္ကာများ
(၁၄) ရှင်မဟာသီလဝံသသို့ပေးလင်္ကာများ
(၁၅) ပြည်မြို့ ဝံတောင်လယ် ဘုန်းကြီးနှင့် အပြန်အလှန်ရေးကြသောရတုများ
(၁၆) ဆုံးမစာများ (လက်သစ်တောင်တာ.. အစချီ.. ဆုံးမစာ၊ သုစိပုဘာ... အစချီ ဆုံးမစာ...)
(၁၇) သံဝရပျို့

ဆရာကြီး ဦးမောင်မောင်ညွန့်၏ ပကိဏ္ဏကစာစုစာရင်းတွင် ကုက္ကုဋ္ဌဂ်(ကြက်ကျမ်း) အရည်ဝါသီတောမှီ အကြောင်းအရာ၊ ပုရေနိသင်ချီ အချစ်ဖွဲ့ စသည်ဖြင့် စာအမျိုးအစား ၄၅ မျိုး တွေ့ရပေသည်။

အသက် ၁၆ နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို စတင်ရေးသားပြီး သက်တော် ၆၁ နှစ်တွင် သံဝရပျို့ကို နောက်ဆုံး ရေးသားတော်မူခဲ့လေသည်။ ။

# မိုခါမုန်တိုင်းတိုက်ခတ်မှုအပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဇူလိုင် ၁**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ခဝါသည်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာသာသနာ့ဗိမာန်တော်၌ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဖြစ်သဖြင့် ကာကွယ်ခြင်းသည် တစ်ဦးတစ်ယောက်အတွက်သာမက ကပ်ရောဂါအသွင် အစုလိုက် မဖြစ်စေရေးအတွက်လည်း အသင့်တော်ဆုံး နည်းလမ်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းများနှင့် ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးလောက်လန်းများ သေစေသည့်(အဘိတ်) ဆေးများ ထောက်ပံ့ပေးခြင်း၊ မြို့နယ်များအတွက် ခြင်ဆေးမှုတ်စက်များဖြန့်ဝေခြင်း စသည့်တို့ကို ကူညီပံ့ပိုးပေးလျက်ရှိပြီး သွေးလွန်တုပ်ကွေးစစ်ဆေးကိရိယာများ ကုသရေးဆေးဝါးပစ္စည်းများကိုလည်း မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများသို့ ဖြန့်ဝေထားရှိကြောင်း သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သည့် ခြင်မပေါက်ပွားအောင် ပိုးလောက်လန်းနှိမ်နင်းရေး လုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းကို ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက တာဝန်ရှိသူများထံ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုသည့် (အဘိတ်) ဆေးအိတ်များ ပေးအပ်ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပြခန်းများကို ကြည့်ရှုကြသည်။





ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များက ခဝါသည်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး MERCURY FORCE သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုနှင့် တပ်မတော်ယာဉ်များပေါ်မှ ကုလားတန်-၂ သင်္ဘောပေါ်သို့ ရသေ့တောင်မြို့နယ်အတွက် ခွဲဝေဖြန့်ဖြူးသည့် အထွက်တိုးမျိုးစပါးအိတ်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၊ တရားသီးစုရပ်ကွက်နှင့် သုစိတ္တာရာမဓမ္မာရုံတို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၁)နှစ်မြောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ





**နေပြည်တော် ဇူလိုင် ၁**

(၇၁)နှစ်မြောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် ဦးအောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက တပ်ကုန်းမြို့ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာ တရားနာယူ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဗဟိုဘဏ် စတင်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၁)နှစ်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ ဗဟိုဘဏ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အများပြည်သူ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ အကျိုးရှိရှိအောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မှန်ကန်သော မူဝါဒများ ချမှတ်နိုင်ရန် လုပ်ငန်းကော်မတီအသီးသီးဖွဲ့စည်း၍ တိုးတက်လာသော Digital Platform များ၊ စီးပွားရေးမူဘောင်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ ပံ့ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ထမ်းဆောင်ကြရသော တာဝန်အလိုက် နိုင်ငံတကာအဆင့်မီ သက်ဆိုင်ရာ ပညာရပ်များကို Professional Level တတ်ကျွမ်းကြရန် လိုအပ်ကြောင်း၊ မိမိတို့၏ Specialize ပညာရပ်များကို ပိုမိုတိုးတက်လာအောင် မျက်ခြည်မပြတ် နည်းလမ်းမျိုးစုံဖြင့် အမြဲလေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ကျရာတာဝန်ကို ကျေပွန်အောင် ကြိုးပမ်းကြရမည်ဖြစ်ပြီး ချစ်ခင်ညီညွတ်စွာဖြင့် စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော ဗဟိုဘဏ်အကြီးအကဲများ၊ အငြိမ်းစား အရာထမ်းကြီးများကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ အငြိမ်းစားများဖြစ်ကြသည့် ဦးကြည်အေးနှင့် ဦးသန်းညိန်းတို့က ဩဝါဒအမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက(၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အမှတ်တရ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ၏ ပညာသင်ထောက်ပံ့ကြေးငွေများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဝန်ထမ်းဟောင်းများ အသင်းသို့ ထောက်ပံ့သည့်လှူဒါန်းငွေများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးစာတမ်း ထူးချွန်ဆုရရှိသူ၊ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် သုံးဘာသာ ဂုဏ်ထူးရရှိခဲ့သူ၊ Myanmar Pay Logo Award ဆုရရှိသူတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလယ်အလတ်အဆင့် အရာထမ်း သင်တန်းတွင် သင်တန်းသား စံပြဆုရရှိသူ၊ ဒုတိယဆု ရရှိခဲ့သူ၊ Incident Handling Intrusion Detection သင်တန်းတွင် ဒုတိယဆုရရှိသူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆု ရရှိခဲ့သူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ကံစမ်းမဲ ဖောက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေကူမြို့နယ်၌ ဒေသထွက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ရွှေကူ ဇူလိုင် ၁**

၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် သမဝါယမဦးစီးဌာနမှ ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာ အလွယ်တကူဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ အမှတ်(၁)မြို့မ ဈေးကြီးအတွင်းရှိ ဈေးသမဝါယမအသင်းလီမိတက်ရှေ့၌ ယနေ့နံနက် ၈ နာရီခွဲက ဒေသထွက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။

အဆိုပါ ဒေသထွက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း အမျိုး ၂၀ ကို ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် သက်သာသော ဈေးနှုန်းဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ သမဝါယမမိသားစုများက စုပေါင်းစီမံဆောင်ရွက် ရောင်းချဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းအောင်ထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဆယ်ကျော်သက်တစ်ဦး ပစ်သတ်ခံရပြီးနောက် ပေါ်ပေါက်လာသော အကြမ်းဖက်မှုများကိုထိန်းချုပ်ရန် ပြင်သစ်အာဏာပိုင်များ လုပ်ဆောင်နေ



ဆယ်ကျော်သက်အရွယ်တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် ပေါ်ပေါက်လာသော ဆန္ဒပြမှုအတွင်း ကားများ မီးလောင်နေသည်ကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။

**ပါရီ ဇူလိုင် ၁**

ပြင်သစ်ရဲတပ်ဖွဲ့က ဆယ်ကျော်သက်တစ်ဦးကို ပစ်သတ်မှုဖြစ်ပွားပြီးနောက် ပေါ်ပေါက်လာသော အဓိကရုဏ်းများကို ထိန်းချုပ်ရန် ကြိုးပမ်းမှုအနေဖြင့် ဇွန် ၃၀ ရက် ညပိုင်းတွင် နိုင်ငံတစ်ဝန်း ဘတ်စ်ကားနှင့် ရထားဝန်ဆောင်မှုအားလုံးကို ပြင်သစ်အာဏာပိုင်များက ဆိုင်းငံ့စေခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မှုကို ရပ်တန့်ရန်အမိန့်ကို လိုက်နာခြင်းမရှိသည့်အတွက် ဇွန် ၂၇ ရက်တွင် ပါရီဆင်ခြေဖုံးနန့်တဲ၌ အသက် ၁၇ နှစ်အရွယ်တစ်ဦးကို ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူအချို့သည် အကြမ်းဖက်အသွင် ပြောင်းလဲလာကြကြောင်း သိရသည်။ ဆန္ဒပြအကြမ်းဖက်မှုများ ဇွန် ၃၀ ရက်အထိ ဆက်လက်ဖြစ်ပေါ်နေကြောင်း၊ လူပေါင်း ၉၀၀ ခန့်ကို ထိန်းသိမ်းထားကြောင်းနှင့် ရဲအရာရှိ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် ရဲတပ်ဖွဲ့ သို့မဟုတ် အစိုးရနှင့် ဆက်နွယ်သည့် အဆောက်အအုံ ၂၀၀ ခန့်အပါအဝင် အဆောက်အအုံ ၅၀၀ နီးပါး ပျက်စီးခဲ့သည်ဟု ဆိုသည်။ နန့်တဲတွင် ဆန္ဒပြသူများသည် ဈေးဆိုင်ပြတင်းပေါက်များ၊ ကားများနှင့် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်ပြီး အစည်းအဝေးတက်ရောက်ရန်အတွက် ဘရပ်ဆဲလ်တွင် ပြုလုပ်သည့် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးမှ ဆောလျင်စွာ ထွက်ခွာခဲ့ကြောင်း သိရသည်။

သေနတ်ပစ်သတ်ခံရသည့် ဆယ်ကျော်သက်မှာ အယ်လ်ဂျီးရီးယားနိုင်ငံမှ ဖြစ်သည်ဟု ယူဆထားသည်။

**အင်န်အိတ်ချ်ကေ**

## ယူနက်စကိုအဖွဲ့အတွင်းသို့ အမေရိကန်ကို ပြန်လည်ဝင်ရောက်ခွင့်ပြု

**ဝါရှင်တန် ဇူလိုင် ၁**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) သည် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခွင့်ပြုရန် အမေရိကန်၏ တောင်းဆိုမှုကို ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။

ငါးနှစ်တာအဖွဲ့ဝင်အဖြစ်မှ ထွက်ခွာခဲ့ပြီးနောက် အမေရိကန်သည်အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့သည်။ အမေရိကန်ကို အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခွင့်ပြုမပြုကို ဇွန် ၃၀ ရက်တွင် အဖွဲ့ဝင်နိုင်ငံများ မဲခွဲဆုံးဖြတ်ခဲ့သည်။ ပါရီမြို့ရှိ ယူနက်စကို၏ ဌာနချုပ်တွင် ပြုလုပ်သည့် အစည်းအဝေးတွင် မဲပေးခဲ့ကြခြင်းဖြစ်သည်။ နှစ်ရက်ကြာ အစည်းအဝေးပြီးနောက် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃၂ နိုင်ငံက ထောက်ခံမဲပေးခဲ့ကြပြီး ၁၀ နိုင်ငံကမူ ကန့်ကွက်မဲပေးခဲ့သည်။

အမေရိကန်သည် ယူနက်စကိုအဖွဲ့၏ ပုံမှန်ဘတ်ဂျက် ၂၂ ရာခိုင်နှုန်းကို ရန်ပုံငွေပေးအပ်သွားမည်ဟု ယူနက်စကိုထုတ်ပြန်ချက်အရ သိရသည်။ ၂၀၁၇ ခုနှစ်တွင် ယူနက်စကိုအဖွဲ့မှ အမေရိကန်နုတ်ထွက်ရန် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ဆုံးဖြတ်ခဲ့သည်။

ယူနက်စကိုအဖွဲ့ကြီးသည် အစ္စရေးကို ဆန့်ကျင်ကာ ဘက်လိုက်မှုများ ပြုလုပ်သည်ဟု ထရမ့်က စွပ်စွဲခဲ့သည်။ ထိုစဉ်က ထရမ့် ဦးဆောင်သည့်အစိုးရအဖွဲ့သည် အစ္စရေးဘက်မှ ရပ်တည်ပြီး ၂၀၁၈ ခုနှစ်တွင် ယူနက်စကိုအဖွဲ့မှ တရားဝင်နုတ်ထွက်ခဲ့သည်။ အမေရိကန်သည် ယူနက်စကိုအဖွဲ့မှ နှစ်ကြိမ်နုတ်ထွက်ခဲ့ဖူးသည်။ ၁၉၈၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင်တစ်ကြိမ် အဖွဲ့ကြီးမှ နုတ်ထွက်ခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**



## ဂျပန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မား

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ ကျူရှူးနှင့် ယာမာဂူချီပြည်နယ်တို့တွင် ဝင်ရောက်ခဲ့သည့်မုန်တိုင်းကြောင့် တစ်ဦးသေဆုံးကြောင်း သိရသည်။

ယာမာဂူချီပြည်နယ် ရှီမိုနိုစဲကိမြို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၂၈၀ မီလီမီတာကျော် ရွာသွန်းကြောင်း သိရသည်။ အချို့မြစ်များမှာ မြစ်ရေလျှံမှုဖြစ်ပွားပြီး အိမ်များလည်း ရေနစ်မြုပ်ခဲ့သည်။ မိုးရွာသွန်းမှု ရပ်စဲသွားပြီးနောက်၌ မြေပြိုကျမှုများဖြစ်ပေါ်နိုင်သေးကြောင်းနှင့် မြစ်ရေမျက်နှာပြင်များမှာလည်း မြင့်တက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

နောက်ဆုံးထုတ်ပြန်သည့် တိမ်းရှောင်ရေးသတင်းအချက်အလက်နှင့်ပတ်သက်ပြီး ဒေသဆိုင်ရာအစိုးရများထံ ကြည့်ရှုစစ်ဆေးကြရန် ပြည်သူများအား တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**



## ကင်ညာနိုင်ငံ၌ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ၄၅ ဦးထက်မနည်း သေဆုံး

**ကီရီချို ဇူလိုင် ၁**

ကင်ညာနိုင်ငံအနောက်ပိုင်းအဝေးပြေးလမ်းမကြီးတစ်ခု၌ ဇွန် ၃၀ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ၄၅ ဦးထက်မနည်း သေဆုံးပြီး အခြားအများအပြားဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာဉ်မတော်တဆမှုမှာ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။ ထရပ်ကားမောင်းနှင်သူမှာ ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ကီရီချိုဒေသရှိ လမ်းဘေးတွင် ရပ်နားထားသည့် ယာဉ်အချို့၊ လမ်းသွားလမ်းလာများနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကို တိုက်မိခဲ့ကြောင်း ရက်ဖ်ဗယ်လီဒေသဆိုင်ရာရဲမှူး တွမ်အိုဒီရိုက ပြောကြားသည်။ သေဆုံးသူအများအပြားမှာ ယာဉ်များအတွင်းနှင့် အခြား ထရပ်ကားအောက်တွင် ပိတ်မိနေဆဲဖြစ်ကြောင်း ၎င်းက ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် နှောင့်နှေးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကုန်တင်ယာဉ်မှာ ယာဉ်မတော်တဆမှုမဖြစ်ပွားမီ ကီရီချိုဒေသသို့ဦးတည်မောင်းနှင်ပြီး နာကူရူ-ကီရီချို အဝေးပြေးလမ်းမကြီးကို ကွေ့ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်ကြောင့် တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

**ဂျကာတာ ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံ ယော့ဂ်ယာကာတာပြည်နယ်၌ ပြင်းအား ၆ ဒသမ ၀ မဂ္ဂနီကျူရှိငလျင်ကြောင့် နေအိမ်နှင့် အခြေခံအဆောက်အအုံပေါင်း ၁၀၀ ကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့သည်။

ငလျင်ကြောင့် နောက်ထပ်လူကိုးဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ငလျင်ကြောင့် ဘန်တူးခရိုင်မှ လူတစ်ဦး သေဆုံးခဲ့ပြီး ဘတ်တူး၊ ဂန်နင်ကီဒူ၊ ဆယ်မန်နှင့် ကူလွန်ပရိုဂိုခရိုင်တို့မှ လူကိုးဦး ဒဏ်ရာရရှိခဲ့သည်။ ငလျင်အရှိန်ကြောင့် နေအိမ်ပေါင်း ၁၀၂ လုံးထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် စာသင်ကျောင်းများ၊ ရုံးများ၊ ဘာသာရေးအဆောက်အအုံများနှင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

နောက်ဆက်တွဲ ငလျင်ငယ် ၄၄ ခုထက်မနည်း လှုပ်ခဲ့သည်ဟု အင်ဒိုနီးရှားမိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီ၏ ငလျင်နှင့် ဆူနာမီ လျော့ပါးရေးဌာနအကြီးအကဲ ဒါရိုနို က ဇူလိုင် ၁ ရက်တွင် ပြောသည်။

**ဆင်ဟွာ**

## အိန္ဒိယ၌ ဘတ်စ်ကားမီးလောင်မှုကြောင့် ၂၆ ဦး သေဆုံး

**နယူးဒေလီ ဇူလိုင် ၁**

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း မဟာရက်ရှ်ထရာ ပြည်နယ်၌ ဇူလိုင် ၁ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ၂၆ ဦး သေဆုံးကာ လူအချို့ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံရဲတပ်ဖွဲ့က ဖုန်းဖြင့် အတည်ပြုပြောကြားခဲ့သည်။

ဘတ်စ်ကား မီးလောင်ရသည့် အကြောင်းကိုမူ မသိရသေးချေ။ နန်ဂပူမြို့ ဆမ်ရူဒ်ဟီ မဟာ မက်ဂ်အမြန်လမ်းတွင် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘတ်စ်ကားပေါ်တွင် ခရီးသည် ၃၃ ဦး လိုက်ပါလာပြီး ယာဗက်မယ်မြို့မှ ပွန်းမြို့သို့ ခရီးထွက်လာစဉ် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေး စခန်း အနေဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၃ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၄ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။



မောတောင် ကုန်သွယ်ရေး စခန်းမှ ဇွန် ၁၉ ရက်မှ ၂၅ ရက် အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၂၅၁ ဒသမ ၀၄ တန်၊ ကဏန်း ၂၂ ဒသမ ၈၅ တန်၊ ငါးမျိုးစုံ ၅၉ ဒသမ ၆၀ တန်၊ ပုစွန် ၁ ဒသမ ၁၀ တန်၊ ငှက်ပျောသီး တန် ၃၀၊ တံမြက်စည်းအခု ၂၄၀၀၀ တို့ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ အသီးများ ခြောက်တန်၊ ငါးသေတ္တာဘူး ခွံ ၅ ဒသမ ၄၉ တန်ဖြစ်သည်။

**ငွေလဲနှုန်း**

၂၀၁၃ ခုနှစ် ဇွန် ၂၆ ရက် ပြင်ပ ငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၅၀၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၆ ဒသမ ၉၆ ကျပ်ခန့်ရှိပြီး ယခင် အပတ်နှင့်နှိုင်းယှဉ်ပါက ဘတ်စျေး အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

## ရမည်းသင်းခရိုင်အတွင်း မိုးနေကြာများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း မိုးနေကြာများကို ဇွန်လဆန်းမှစတင် စိုက်ပျိုးပြီး စက်တင်ဘာလကုန်တွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ မျိုးသန့်နေကြာမျိုးစေ့များကို နှစ်ပြည်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရပြီး တစ်ကေလျှင် နှစ်ပြည်အိတ် နှစ်အိတ် ကြဲပက်ရကြောင်း၊ စိုက်ပျိုးသော နေကြာအမျိုးအစားများမှာ ဆင်းရွှေကြာ (၂) မျိုး၊ ရေဆင်း (၁) မျိုးနှင့် ရာစောင့်တဲနေကြာမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်က တစ်ကေလျှင် ကျပ် ၄၀၀၀၀၀ ခန့်ကုန်ကျပြီး တင်း ၂၀ မှ ၂၅ တင်းအထိ ထွက်ရှိကြောင်း၊ စျေးနှုန်း အနေဖြင့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ရရှိသဖြင့် တစ်ကေလျှင် ကျပ် ၆၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း၊ လက်ရှိစျေးကွက်အတွင်း နေကြာစေ့တစ်ပိဿာလျှင် ကျပ် ၃၈၀၀၊ နေကြာဆီစျေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီထွက် သီးနှံတစ်မျိုးဖြစ်၍ စားသုံးမှုများပြားလာပြီး ဒေသတွင်း၌ ကြိတ်ခွဲ ထုတ်လုပ်ရောင်းချကြရာ နေကြာစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာရရှိသည့်အတွက် ယခုနှစ်တွင် မိုးနေကြာကို ပိုမိုစိုက်ပျိုးလျက်ရှိပြီး နေကြာသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

DOCA(မန္တလေး)

## မကွေးတိုင်း၌ စပျစ်သီးစျေးကောင်းရ၍ ပိုမိုစိုက်ပျိုးလာ

မြန်မာနိုင်ငံတွင် စပျစ်သီးနှံကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ပြင်ဦးလွင်စသည့် မြို့နယ်များနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးကြသည်။ စပျစ်သည်ရေကိုလိုအပ်သည့်အတိုင်း ပေးသွင်းနိုင်ပါက အကျိုးဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ကြောင်း၊ စပျစ်ကို နေရာဒေသမရွေး စိုက်ပျိုးနိုင်သော်လည်း အအေးပိုင်းဒေသများတွင် ပိုမိုဖြစ်ထွန်းကြောင်း၊ စပျစ်ကို စိုက်ပျိုးရာတွင် ကိုင်းကူး/ ကိုင်းဆက်၍ စိုက်ပျိုးနည်း၊ ပင်ထောင် စိုက်ပျိုးနည်း၊ ချုံပုတ်သဏ္ဌာန် စိုက်ပျိုးနည်းနှင့် စင်တင်စိုက်ပျိုးနည်းဟူ၍ စိုက်ပျိုးလေ့ရှိပြီး ကိုင်းကူး၍ ကိုင်းဆက်ထားသော အပင်မျိုးများကိုသာ စိုက်ပျိုးကြရာ အများအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် စင်တင် စိုက်ပျိုးခြင်းနည်းကိုသာ အသုံးပြုကြကြောင်း သိရသည်။

စပျစ်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် အရင်းအနှီးမှာ ပိုမိုများပြားကြောင်း၊ စပျစ်သီးအမျိုးအစားများမှာ အများအားဖြင့် (RG) ချွန်း၊ (RG) လုံးကြီး၊ ဂျပန်စိမ်းတို့ဖြစ်ပြီး အစိမ်းလည်းစားနိုင်သည့် အပြင် အသီးခြောက်၊ ဝိုင်အရက်ပြုလုပ်ရာတွင်လည်း အသုံးဝင်၍ စျေးကွက်ဝင်သီးနှံဖြစ်သောကြောင့် ကုန်သည်ပွဲစားများက စပျစ်ခြံများ အရောက် ကွင်းဆင်းဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။ စျေးနှုန်း အနေဖြင့် ယခုလက်ရှိအချိန်တွင် စပျစ်သီး (RG) လုံးကြီး တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀၊ (RG) ချွန်း တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀ ဖြင့် ရောင်းချ လျက်ရှိသည်။ ယခင်နှစ်က စပျစ်သီး (RG) လုံးကြီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ (RG) ချွန်း တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ရှိခဲ့ရာ ယခင် နှစ်ထက် ကျပ် ၁၂၀၀၀ ခန့် စျေးပိုလာခဲ့သဖြင့် စျေးကွက်ဝယ်လိုအား ကောင်းပြီး အကျိုးအမြတ်များစွာ ရရှိသည့်အတွက် ပခုက္ကူ၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းစသည့်မြို့နယ်များရှိ ကျေးရွာများတွင် မြေအောက်ရေတွင်းများတူး၍ စိုက်ပျိုးလာကြသည်။

DOCA(မကွေး)

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

# ဇူလိုင်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီ ပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်း ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉ရက်မှ ၁၅ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ် မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက် မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁) ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့ နှင့် ပုသိမ်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့ တွင် (၁)ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် (၁)ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် (၁) ကြိမ်ခန့် နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့ များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင် သည်။

မိုး/ဇလ

## ကဝမြို့နယ်၌ စားသောက်ကုန်ပစ္စည်းများ စျေးနှုန်းသက်သာစွာရောင်းချပေး

**ကဝ ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့၏ညွှန်ကြားမှုဖြင့် ကဝ မြို့နယ်၌ ပြည်သူများ စျေးနှုန်း သက်သာစွာဖြင့် ဝယ်ယူစားသုံး နိုင်ရန်ရည်ရွယ်၍ ကဝမြို့မစျေး အတွင်း ကိုယ်တိုင်စိုက်ပျိုး/ မွေးမြူသူများ တိုက်ရိုက် အရောင်းဆိုင် ဖွင့်လှစ်ပြီး ရောင်းချပေးခြင်းကို ဇွန် ၂၉ ရက်က ဆောင်ရွက်သည်။



ထိုသို့ ရောင်းချပေးရာတွင် ကဝမြို့နယ်အတွင်းရှိ ကိုယ်တိုင် စိုက်ပျိုး/ မွေးမြူသူများက ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက် များကို သက်သာသော စျေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာန ဆိုင်ရာများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြ သည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုး

**လပွတ္တာ ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာ အမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲကို လပွတ္တာ မြို့နယ် လပွတ္တာ-သဃ်န်း ကြီးကားလမ်း မိုင်တိုင်အမှတ် (၃/၁) ၌ ဇူလိုင် ၁ ရက်က ကျင်းပ သည်။



အဆိုပါ စုပေါင်းသစ်ပင်စိုက်ပွဲ သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့် သစ်တော ဝန်ထမ်းများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ စုစုပေါင်း ၁၅၀၀ ခန့်က အမြင့် သုံးပေနှင့်အထက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ဂျန်ရှား ပျိုးပင်ပေါင်း ၁၅၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

(၁ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၆၁,၅၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၄၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၄၀၀) ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၆၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၀ | ၂၁၅၅ | ၂၁၄၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၀ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၁၀၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၈၂၀ |
| HSD (50 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၁ | ၁၉၅၃ |
| 95 Ron | ၁၉၇၉ | ၂၀၅၂ |
| HSD (500 ppm) | ၁၈၅၁ | ၁၉၁၈ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်သူများ၏လူမှုဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအား သမဝါယမကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်

**မုံရွာ ဇူလိုင် ၁**

(၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သမဝါယမအသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး သမဝါယမကဏ္ဍအနေဖြင့် မြို့နယ်ပေါင်း ၃၅ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၅၂၉၃ သင်း၊ အသင်းသားပေါင်း ၄၆၁၇၁၀ ဖြင့် ဖွဲ့စည်းထားရှိပြီး တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိကာလတွင် သမဝါယမနှင့် ကျေးလက် စသည့်ဆက်စပ်ဌာနများ ပေါင်းစပ်၍ ကျေးရွာတစ်ရွာချင်းအား စံပြကျေးရွာ (Smart Village)အဖြစ် စံပြ သမဝါယမအသင်းတစ်သင်း ရွေးချယ်ကာ လယ်ယာဝန်ဆောင်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်ရန် စက်ကိရိယာများအား တန်ဖိုး၏၅၀ ရာခိုင်နှုန်းထောက်ပံ့ပေးခြင်း စနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့် သမဝါယမအသင်းများ စိစစ်ရွေးချယ်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ချေးငွေလည်ပတ်သုံးစွဲခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်းများ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေးရေး ရှေ့ပြေးစမ်းသပ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမ အသင်းစုများကလည်း ပြည်သူများ၏လူမှုဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအား သမဝါယမကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဉာဏ်မြင့်ကျော်က (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Ariel Guarco ပြောကြားသည့် အမှာစကားကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းသားသမီးသုံးဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အစိုးရရပ်ကွက် ပင်လယ်ကမ်းခြေအနီးရှိ ဦးဥတ္တမပန်းခြံဝင်း အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနေအိမ်လိုင်းခန်း ခြံဝင်းတို့အား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများမှ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ငလပွေ့ရပ်ကွက်နှင့် ကုလာဘာတောင် ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်နေပြည်သူများ၏ နေအိမ်များ၌ မြို့ပေါ်ပရဟိတအဖွဲ့များမှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့လုံးကျွတ် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင် - မောင်တောသွားလမ်းဘေး ဝဲ/ယာရှိ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းပင်ခုတ်ထွင်ရှင်းလင်းခြင်း၊ **(အပေါ်ပုံ)** အနောက်ရပ်ကွက် မေယုလမ်းတစ်လျှောက်နှင့် ရွာမကျေးရွာအုပ်စု အိုး/အိမ် ဝန်ထမ်းအိမ်ရာတို့၌ မြို့နယ် ကျေးရွာ သန့်ရှင်းသာယာလှပစေရေး သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသော ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို အားပေးစကားများ ပြောကြားသည်။

ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခပရဟိတ စာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ပြီး အဆိုပါကျောင်းတိုက်၌ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို ကြည့်ရှုအားပေးကာ ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျောင်းသူကျောင်းသားများအား အာဟာရဖြည့် နေ့လယ်စာ ကျွေးမွေးနေမှုတို့ကိုကြည့်ရှုပြီး လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့မည့်ပစ္စည်းများအား မီးရထားဆိပ်ရပ်ကွက်၊ စားသုံးသူရေးရာဂိုဒေါင်သို့ သယ်ယူပို့ဆောင်နေသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း၌ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ **(ယာပုံ)** ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် ကျောင်းသန့်ရှင်းရေးပြုလုပ်နေသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အားပေးစကား ပြောကြားသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လေဘေးသင့်တောင်သူများ၏ စပါးစိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်ကထောက်ပံ့သော မျိုးစပါးများအား ရသေ့တောင်ဆိပ်ကမ်း၌ စိစစ်လက်ခံခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်ရေး လုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးနှင့် တာဝန်ရှိသူများသည် ကျောက်တော်ရပ်ကွက်ရှိ မြို့နယ်လူမှုဝန်ထမ်းရုံး (လျာထား) မြေနေရာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် တင်ဆွေနှင့် တာဝန်ရှိသူများသည် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကညင်တန်း ဗိုလ်မှူးရွာအဝင်လမ်းပေ ၁၅၀၀ အရှည်ရှိ ရေမြောင်းအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သန့်ရှင်းသာယာလှပရေး ကျောင်းခြံဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များ၊ ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့ပြင် မုန်တိုင်းဘေးကြောင့် လေဘေးသင့်ပြီး မြို့တွင်းသို့ သွယ်တန်းထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ဂျက်ဆင်၏ ပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး နှစ်ဖက်အသင်းက ဖော်ပြထားခြင်းမရှိသော်လည်း ချယ်ဆီးအသင်းအနေဖြင့် ဂျက်ဆင်အတွက် ပေါင် ၃၂ သန်း ပေးချေရဖွယ်ရှိကြောင်း သိရသည်။

နည်းပြသစ် ပိုချက်တီနိုသည် ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ကာ ချယ်ဆီးအသင်းကို ပြန်လည်တည်ဆောက်ရန် လုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် အသင်းမှ နာမည်ကြီးကစားသမားများဖြစ်သည့် ကိုင်ဟာဗက်၊ ကိုဗာဆစ်၊ မန်ဒီ၊ ကူလီဘာလီ၊ လော့တပ်ချိခ်တို့သည် စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာသွားပြီဖြစ်သည်။

ဂျက်ဆင်သည် ပြီးခဲ့သည့်ရာသီက ဗီလာအသင်း၌ ခြေစွမ်းပြသထားနိုင်ကာ ရာသီပိတ်သိမ်းချိန်တွင် အသင်းကို အဆင့် (၅) ဖြင့် ရပ်တည်နိုင်အောင်ကူညီပေးထားနိုင်ပြီး ယူရိုပါလိဂ်ဝင်ခွင့် ယှဉ်ပြိုင်နိုင်အောင်လည်း စွမ်းဆောင်ပေးထားနိုင်သည်။

ဇန်နဝါရီလတွင် ဘုန်းမောက်အသင်းသည် ဂျက်ဆင်ကို ပေါင် ၂၀ ဒသမ ၃ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဆေးစစ်မှုမအောင်မြင်သောကြောင့် ပျက်ပြယ်ခဲ့သည်။

**အောင်ဇော်**

# သိပ္ပံပွဲတော် ၂၀၂၃ တတိယနေ့နှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ROSATOM တို့ ပူးပေါင်းကျင်းပသော သိပ္ပံပွဲတော်၂၀၂၃ တတိယနေ့ကို ယမန်နေ့က ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာတို့၌ ဆက်လက်ကျင်းပသည်။

ပွဲတော် တတိယနေ့သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ROSATOM မှ တာဝန်ရှိသူများနှင့် National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှ ပါမောက္ခများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်နည်းပညာ တက္ကသိုလ်၌ အဏုမြူစွမ်းအင် ဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့မှ ခင်းကျင်းပြသထားသော ပြခန်းများ၊ ပိုစတာများဖြင့် ရှင်းလင်းတင်ပြမှုများ၊ လေ့လာနေမှုများကို ကြည့်ရှုအားပေးကာ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကောင်းစွာ အထောက်အကူပြုနိုင်မည့် စွန့်ဦးတီထွင်နည်းပညာများ၊ သုတေသနရလဒ်များ ရရှိလာသည်အထိ ကြိုးပမ်းဆောင်ရွက်၍ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက MSME လုပ်ငန်းရှင်များ၏ လက်ဝယ်အရောက် နည်းပညာများကို ဖြန့်ဖြူးပေးရန် မှာကြားသည်။

ဆက်လက်၍ နျူကလီးယားနည်းပညာသတင်းအချက်အလက် စင်တာသို့ရောက်ရှိပြီး လာရောက်လေ့လာကြသည့် နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများကို အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတွင် ကျင်းပသော သိပ္ပံပွဲတော် ၂၀၂၃ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ရုပ်ရှင်ပြသ**

အခမ်းအနားတွင် “Nuclear Now” ရုပ်ရှင်ကိုပြသပြီး ရုပ်ရှင်တွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ တက်ရောက်သူများ၏ မေးမြန်းမှုများကို MEPhI မှ ပါမောက္ခများက ပြန်လည်ဖြေကြားကြသည်။

သိပ္ပံပွဲတော် ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် လူငယ်ပညာရှင်များအထိ နျူကလီးယား နည်းပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များနှင့် အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာရပ်ကို ပိုမိုစိတ်ဝင်စားစေပြီး နည်းပညာဆိုင်ရာ အသစ်အဆန်းများအား လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင်လူငယ်များ၏ စိတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများမှတစ်ဆင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်တွင် သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ အုန်းတောကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြောက်ဦးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း/အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မောင်နီရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဗိုလ်မှူးရုံ လမ်းအတွင်းရှိ လမ်းဘေးဝဲ/ယာနှင့် ပိတ်ဆို့နေသော ရေမြောင်းအတွင်းရှိ အမှိုက်အညစ်အကြေးများအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းနေအိမ် လိုင်းခန်းခြံဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ဘူးသီးတောင်မြို့အတွင်း၌ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့် ဆေးကုသရေးအဖွဲ့က ဝေနေယျသုခပရဟိတ စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့၊ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ရဲထက်အောင်နှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သည့် အောင်ဆန်းမျိုးမှာမူ ၆၉+၇၁+၇၁+၆၇ ချက်၊ လေးရက်ပေါင်း ၂၇၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ အဆင့် ၄၅ နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ကစားသမားစုစုပေါင်း ၁၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရဲထက်အောင်သည် ချန်ပီယံဆုရခဲ့သဖြင့် ဆုဖလားနှင့်အတူ ဆုကြေးငွေအဖြစ် ထိုင်းဘတ် ၂၄၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။

ရဲထက်အောင်သည် ၂၀၁၆ ခုနှစ်မှစတင်ကာ Asian Tour ပြိုင်ပွဲအပါအဝင် ပြည်ပနိုင်ငံများ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်ပြီး SINGHA-SAT Nakhon Ratchasima Classic 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ပထမဆုံးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း All Thailand Golf Tour ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရဲထက်အောင်၊ သီဟဋ္ဌေး၊ အောင်ဆန်းမျိုး၊ ကျော်သက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားပြီး ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ကိုညီလေး**

**ဓာတ်ပုံ– Thailand PGA Tour**

❏ *ကျောဖုံးမှ*

အဆိုပါ အပြောင်းအရွှေ့မှာ ယခုသီတင်းပတ်အစောပိုင်းအတွင်း ဖြစ်နိုင်ဖွယ်မရှိသော်လည်း အပြောင်းအရွှေ့ ဖြစ်မြောက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဒိုမီနစ်ခ်၏ စာချုပ်လျော်ကြေးမှာ ပေါင်သန်း ၆၀ ခန့်ရှိသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် လိုက်ပ်ဇစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါတွင် ၃၁ ပွဲ ပါဝင်ကစားထားကာ ခြောက်ဂိုးသွင်းယူပေးထားနိုင်ပြီး ရှစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားနိုင်သည်။ **မိုးဇက်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ် (၂) ရပ်ကွက်နေ ကျော်ကျော်လွင်သည် ၎င်းအသုံးပြုသည့် “Kyaw Kyaw Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ နှင်းဝေဖြိုးသည် ၎င်းအသုံးပြုသည့် “Nan Su Mon” Facebook အကောင့်၊ “Nan Su Mon” TikTok အကောင့်၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြို့မရပ်ကွက်နေ ခင်ပြည့်ပြည့်အောင်(ခ)ပြည့်ပြည့်(ခ)ခင်လေးမွန်သည် ၎င်းအသုံးပြုသည့် “Khin Pyae Pyae Aung” Facebook အကောင့်၊ ရွာမရပ်ကွက်နေ သန့်စင်ထက် (ခ)ကိုထက်သည် ၎င်းအသုံးပြုသည့် “Ko Htet” Facebook အကောင့်၊ တာပွန်မြို့ မြောက်ပိုင်းရပ်ကွက်နေ ဘုန်းမြင့်ဦးသည် ၎င်းအသုံးပြုသည့် “Bhone Myint Oo” Facebook အကောင့်၊ အလယ်ပိုင်းရပ်ကွက်နေ ဝင်းတင်သည် ၎င်းအသုံးပြုသည့် “Win Tin” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂)ဒင်္ဂါးရပ်ကွက်နေ စုကြည်(ခ)ထိပ်တန်းတင်သည် ၎င်းအသုံးပြုသည့် “Su Kyi” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဝတ်ရည်နန္ဒာခိုင်သည် ၎င်းအသုံးပြုသည့် “Wutyee Nandar Khaing” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေချေးငွေပေးအပ်ပွဲ ကျင်းပ

**မလှိုင် ဇူလိုင် ၁**

မလှိုင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မလှိုင်မြို့နယ် အုပ်ဖိုကန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်းကိုက ချေးငွေကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ချေးငွေအစီအစဉ်နှင့် SOP ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ စိုက်ပျိုးရေးအတွက် ချေးယူမည့်တောင်သူ ၈၄ ဦး၊ ဧက ၁၉၈ ဧက၊ ချေးငွေကျပ် ၃၉ ဒသမ ၆ သန်းနှင့် ညီမျှသောမျိုးများ၊ စမ်းဝတီသဘာဝဓာတ်မြေဩဇာ၊ ပုလဲဓာတ်မြေဩဇာ၊ အာမိုကွန်ပေါင်းဓာတ်မြေဩဇာများကို မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား Biometric Data ကောက်ယူခြင်းနှင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းစု ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဌာနဆိုင်ရာဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက်များ(Biometric Data) ကောက်ယူခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၁၀ နာရီမှ စတင်၍ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူလျင်မြန်လာစေရန်၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသော နံပါတ် Unique ID ထုတ်ပေးရန် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ်တည်ဆောက်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ကျွန်းစုမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ ကောက်ယူပြီး Database အတွင်းသို့ ထည့်သွင်းခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင်ကြီးကြပ်မှုဖြင့် မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုကြပြီး ဆောင်ရွက်ပြီးစီးသော Unique ID နံပါတ်ပါ ကတ်ပြားများအား တာဝန်ရှိသူများက ပြန်လည်ထုတ်ပေးကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၁** – နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၅၆၀၀ | ၁၅၉၆၀၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၄၁ | ၂၉၅၂၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၆ | ၃၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၃၅၀ | ၈၄၀၀၀၀ |
| AHPC | ၄၉၀၀ | ၅၀၀၀ | ၁၇ | ၈၃၅၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၃ ခုနှစ် ဇူလိုင် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

င - ၄၅၄၈၁၇

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

င - ၈၀၃၆၃၄

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

စ - ၂၄၈၃၈၀

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

က- ၃၈၂၉၅၆ က- ၄၉၉၁၃၉ င - ၅၉၄၀၀၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု (၂)ဆု

င - ၁၄၆၁၇၇ င - ၂၅၁၄၁၇

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၁၂၁၂၀၃ င - ၇၈၉၄၉၅ က -၉၁၈၄၁၉

ဃ - ၃၄၃၇၇၅ က - ၈၁၉၃၆၆ င -၉၂၅၀၈၆

င - ၆၆၉၇၁၅

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ခ - ၃၁၂၃၀၀ ဂ - ၆၁၁၉၉၉ ဂ - ၈၂၉၃၅၅

ဃ - ၃၃၁၆၄၀ စ - ၆၅၂၂၈၉ စ - ၈၈၆၀၀၄

င - ၅၁၃၈၄၈

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဃ - ၁၆၁၃၅၇ ဂ - ၇၅၆၅၂၅

ခ - ၄၃၀၇၇၈ စ - ၇၆၈၁၉၄

ခ - ၅၀၈၂၆၉ ခ - ၇၆၈၅၀၈

ဂ - ၇၃၈၉၈၈ င - ၇၈၇၇၈၁

စ - ၇၄၇၇၃၅ က - ၉၄၇၃၆၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀)ဆု (၁)ဆု

ဂ - ၄၆၅၀၈၇

ကံထူးရှင်(၁၁)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဂ - ၁၃၇၀၇၉ စ - ၄၄၈၁၉၇ ဃ- ၈၀၃၈၆၅

စ - ၁၆၀၂၀၂ စ - ၄၉၃၉၄၄ က- ၉၂၅၉၆၆

ဇ - ၁၇၆၅၄၁ ဃ- ၅၅၃၈၂၄ ဂ - ၉၄၁၁၆၈

စ - ၂၅၇၆၇၂ စ - ၆၉၅၈၃၅ င - ၉၇၈၆၂၉

င - ၃၉၇၆၉၀ င - ၇၀၇၀၅၂ ခ - ၉၈၀၃၃၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀)ဆု(၂)ဆု

ဂ - ၆၄၄၅၀၁ င - ၆၉၆၆၁၇

ကံထူးရှင်(၁၇)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဂ - ၁၀၇၄၂၈ ည - ၆၅၃၁၁၃

ဃ- ၂၄၁၃၇၅ င - ၇၁၅၅၈၀

ခ - ၃၅၀၁၈၄ က - ၇၁၇၉၄၅

ခ - ၃၆၅၆၀၈ ခ - ၇၈၀၁၅၂

က- ၃၆၉၅၁၄ စ - ၇၈၁၂၉၀

စ - ၄၆၇၉၅၈ ဃ - ၈၁၉၇၇၆

က- ၅၃၃၀၆၄ က - ၉၀၆၇၉၁

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဈ - ၂၁၇၀၈

စ - ၈၈၄၄၄

ဂ - ၉၄၇၆၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဇ - ၃၇၂၁

ဇ - ၅၈၇၅

ခ - ၈၃၄၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၁၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

ဈ - ၂၃၈ ဇ - ၆၁၉

ဌ - ၃၈၃ စ - ၆၂၈

ဂ - ၄၇၉ ဃ - ၆၃၈

ဇ - ၅၃၆ စ - ၇၅၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၄)ယူနစ်

ဌ - ၄၈၈ ဂ - ၈၄၃ င - ၈၈၂ ဃ - ၉၆၉

ကံထူးရှင်(၇၂၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၁၀

ပုံနှိပ်စဉ်ကပင် ပါဝင်ခြင်းမရှိသည့် ဆ-၁၀၀၀၀၀ နှင့် ဆ-၁၀၀၀၀၁ ဂဏန်းများအတွက်အစားထိုး ဖွင့်လှစ်ပေးသည့် ပေါက်ဂဏန်းများ ဖြစ်ပါသည်။

ဆ - ၁၀၃၀၅၅

ဆ - ၁၀၇၈၉၁

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၅)သောင်း ဆု များ (၂)ယူနစ်

ဇ - ၆၈ ဂ - ၈၈

ကံထူးရှင်(၁၁၃၈၉)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၄)ယူနစ်

ဋ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သောင်းဆုများ (၃)ယူနစ်

ဆ - ၆ င - ၈ ဋ - ၈

ကံထူးရှင်(၁၁၃၂၃၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

စ - ၁၅၅၉၉၃ င - ၃၃၈၃၉၇ စ - ၇၈၅၁၈၈ ဂ - ၉၀၀၄၂၅

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂)ယူနစ်

ဃ - ၃၈၄၃၀ ဆ - ၄၃၀၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၁၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

င - ၄၅၈၉ စ - ၅၀၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဈ - ၁၅၆ ဆ - ၆၂၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၀၃)ဦး

၁။ ၂၀၂၃ ခုနှစ်၊ဇူလိုင် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အောင်ဘာလေသိန်းဆုနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၃၂၃၅၉)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၃၂၃၅၉)ဦး ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (စ) အက္ခရာထိ အက္ခရာ (၆)လုံးဖြစ်ပြီး အောင်ဘာလေအွန်လိုင်းသိန်းဆု၏ ရောင်းချမည့် အက္ခရာများမှာ (ဆ) အက္ခရာမှ (ဋ)အက္ခရာအထိ အက္ခရာ(၆)လုံး စုစုပေါင်း အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၅၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃-၇-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၂-၇-၂၀၂၃ ) ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ (၅၂)ကြိမ်မြောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုမဲများအနက် ကျပ်(၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃-၇-၂၀၂၃ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ ထီကံစမ်းဝယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ကျပ် (၁၀)သိန်းနှင့်အောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုငွေများမှအပ ကျန်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်းမူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## တစ်ဦးတည်းဖြစ်ကြောင်း

မိုးညှင်းမြို့နယ်၊ နန့်မွန်းမြို့၊ ရပ်ကွက်(၃)၊ ကျောက်စရစ်ကုန်း၊ အိမ်အမှတ်၃/ကစရ ၁၁၀ ရပ်တွင် နေထိုင်သည့် ဒေါ်ရွှေဇင်ဝင်း ၁/မညန(နိုင်)၁၆၇၄၈၄ ၏ဖခင်ဖြစ်သူ ဦးအောင်သန်းဦး နှင့် ဦးကျော်မင်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ရခိုင်ပြည်နယ် သံတွဲမြို့၊ ဘုရားမော်ကျေးရွာရှိ အလက(ခွဲ) G-5 မှ (ဘ) ဦးကျော်စိုးညွန့် ၉/တတဥ(နိုင်)၀၇၃၉၄၇ ၏သား မောင်ကောင်းမြတ်ထွန်း၏ အမည်မှန်မှာ မောင်ကောင်းမြတ်ဘုန်း ဖြစ်ပါကြောင်း။

**မောင်ကောင်းမြတ်ဘုန်း**

## ပတ်စပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ တညင်မော်ကျေးရွာနေ (ဘ) ဦးစိန်ဝင်း၏ သမီး မနွေးနွေးလွင် ၈/သရန(နိုင်)၁၁၀၂၇၈ ၏နိုင်ငံကူးလက်မှတ်အမှတ် (ME 490074) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၂၃ ၂၈၂ ၈၈၁

## ဖခင်အမည်မှန်

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ တူးမြောင်းကျေးရွာနေ မဂျူးဂျူးမေ၏ဖခင် ဦးနိုင်လင်းအောင်၏ အမည်မှန်မှာ ဦးလင်းလင်းအောင် ၁၂/သခန(နိုင်)၁၁၂၈၇၈ ဖြစ်ပါကြောင်း။

**ဦးလင်းလင်းအောင်**
**၁၂/သခန(နိုင်)၁၁၂၈၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ မြေကွက်အမှတ် (၁၁၁၂)ဧရိယာ ၀ဒသမ၅၀၅ ဧကရှိ ဒေါ်နန်းခမ်းစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၁၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူဦးကျော်ရှင်း ၉/ပမန(နိုင်)၀၀၁၈၁၃ မှ နှစ်(၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်နီလာဦး ၇/ ပခန(နိုင်) ၂၃၂၁၁၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါက်ဝဲမြို့နယ်၊ ကျားထူးစမ်းကျေးရွာနေ ဦးတင်ထွန်းလွင် ၈/ဆပဝ(နိုင်)၀၆၉၄၁၅ ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (MC-188552) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၆၀၁၅၆၇

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါက်ဝဲမြို့နယ်၊ သနပ်ကျေးရွာနေ ဦးအောင်ဆန်းဦး ၈/အလန (နိုင်) ၂၁၅၀၉၅ ၏ ယခင် နိုင်ငံကူး လက်မှတ်အမှတ် (MD-263185) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၁၆၁၅၈၃၈

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်းလမ်းမကြီး၊ အမှတ် (၄၈၇)နေ ဒေါ်ချောကေခိုင် (ဘ)ဦးမြင့်သိန်း ၈/တတက(နိုင်)၁၀၂၈၉၉၏ လွှဲအပ်ချက်အရ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်သည်မှာ-

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြအုပ်စု၊ ကွင်းအမည်/ကွင်းအမှတ်-၁၅၄၈/နန်းသြတောင်ကွင်း၊ ဦးပိုင်အမှတ်-၈၂/၁၊ ဧရိယာ ၁.၂၀ဧက ကျယ်ဝန်းသောယာမြေအား ဦးအောင်ဆန်း ၉/တကန(နိုင်)၁၃၀၀၃၄မှ ပိုင်ဆိုင်ကြောင်း အဆိုပြုကာ ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကျန်ငွေအား ဦးအောင်ဆန်းအမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇)မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ချောကေခိုင်၏ အမည်ပြောင်းရရှိသည့်အခါမှ အရောင်းအဝယ်ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီခဲ့သည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ဦးအောင်ဆန်းကိုယ်တိုင်မှသော်လည်းကောင်း၊ ၎င်း၏အခွင့်ရကိုယ်စားလှယ်တစ်ဦးဦးမှလည်းကောင်း ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အပေါင်ထားခြင်း၊ လွှဲပြောင်းခြင်း အမည်ပေါက်လျှောက်ထားခြင်းတို့အား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်ဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၆၂)**
**ဖုန်း-၀၉-၄၂၀၇၅၂၀၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/82159, Yamaha FZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်လင်းအောင် ၉/မရမ (နိုင်)၀၈၂၁၁၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 40W/96288, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဖြိုးဝေ ၁၄/ဟသတ(နိုင်)၂၆၇၁၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/84605, Honda Dream 125, ယာဉ်လက်ဝယ်ရှိသူဦးအောင်ကိုမင်း ၁၄/ ဟသတ(နိုင်)၂၃၀၄၉၆ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/8731, Golden Horse Truck 2.5 Ton , Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၅/မရန(နိုင်)၁၆၃၀၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်စိုးမင်း ၁၀/သထန(နိုင်)၀၉၀၇၈၀၊ ဒေါ်ခင်သန္တာ ၁၀/သထန(နိုင်)၀၈၈၅၇၅၊ ဒေါ်ခိုင်ယဉ်မွန် ၁၀/သထန(နိုင်)၀၉၀၇၇၉၊ ဒေါ်ခင်သီတာ ၁၀/သထန(နိုင်)၀၂၉၄၇၀တို့သည် ဒေါ်မြသန်း ၁၂/ဥကတ(နိုင်)၀၅၁၁၂၅နှင့် ဒေါ်ထက်ထက်အောင် ၁၂/ဥကတ(နိုင်)၁၆၃၇၇၄တို့ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၅၃၂)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ နှစ်၆၀ မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်ရှိ အကျယ်အဝန်း(၁၀၂၆)စတုရန်းပေ၊ (မြေညီထပ်-အေ)(ယာဘက်)တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)**
**တိုက် (၁၂၇)၊ အခန်း (၆)၊ ရန်နိုင်လမ်းသွယ် (၅) (၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၃၈၈၈၀ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၅/ရဘန (နိုင်)၂၃၂၂၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွှေဘို)**

## စာအုပ်စာပေ လူ့မိတ်ဆွေ


# ကမ္ဘာ့ရေးရာ GLOBAL AFFAIRS

အမှတ်(၂၀) (ဇွန်၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ခုနှစ်၊ ဇွန်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၀ တွင်

- ၂၁ ရာစု စစ်ပွဲအခင်းအကျင်းသစ်
- နီဆားရား၊ ဂျီဆားရား သို့မဟုတ် အမေရိကန်၏ နောက်ဆုံးသေမင်းခေါ်သံလား
- ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်
- ကမ္ဘာ့အစီအစဉ်သစ် သို့မဟုတ် ဒေါ်လာကို နန်းချကြခြင်း
- လျှပ်စစ်ကား ထုတ်လုပ်ရေးပြိုင်ပွဲမှာ ရှုံးခြေပြနေသော ဂျပန်
- ရုရှား-ယူကရိန်းစစ်ပွဲနှင့် စာနပ်ရိက္ခာအကျပ်အတည်းပြဿနာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/89885, Haojue 110,M/C ယာဉ်လက်ဝယ်ရှိသူ Haojue (Mandalay) Co.,Ltd (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(မန္တလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/44591, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလွင်အောင် ၉/မဟမ (နိုင်)၀၁၁၉၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၉/တောတိုက်)၊ဦးပိုင်အမှတ် (၃၆-ဃ)၊ မြေဧရိယာ ၀ဒသမ ၂၄၉ ဧကရှိ ဝင်းမြေအား ဦးသန်းစိုးမောင် ၅/ကလထ(နိုင်)၁၃၉၁၅၅ ပါ(၁၅)ဦး အမည်ပေါက် စက်မှုစီးပွားမြေငှားဂရန် အသစ်လျှောက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုးမောင် ၅/ကလထ(နိုင်) ၁၃၉၁၅၅**
**စမ်းမြို့ရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉- ၅၁၇၅၁၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ ၆-လွှာ၊ အမှတ်(၄၂၀/ဘီ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းအိအိခိုင် ၁၂/တမန(နိုင်)၁၁၄၂၇၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရှိန်းမြတ်သိန်း ၇/ကတခ(နိုင်)၁၁၆၈၀၃ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ-၁)၊ ဦးပိုင်အမှတ်(၄၇)၊ ၇၃x၇၄လမ်းကြား၊ ၁၁၂ x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နှင်းဖြူ ၉/မရမ(နိုင်)၀၇၈၄၆၆ က ဂရန်မူရင်းလက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်ဆုံး၍ ဂရန်မိတ္တူလျှောက်ထားရန်၊ ဂရန် သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ/မြေရာ ဇဝင်ရေးကူးခွင့်နှင့် အမှုတွဲ ဖွင့်လှစ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၄၃)၊ ဦးပိုင်အမှတ်(၂၄)၊ ၁၀x၁၁လမ်းကြား၊ ၇၈x၇၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဥက္ကဋ္ဌ(ဆစ်(ခ)ဘုရားရှိခိုးကျောင်း) ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးကေရှားဆင်း ၉/ မနမ(နိုင်)၀၉၈၇၄၁ က ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူ ဂရန်သက်တမ်းတိုးရန်အတွက် မြေပုံ/မြေရာ ဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ခ-၅)၊ဦးပိုင် အမှတ် (၃၉)၊ ၆၆x၆၇လမ်းကြား၊ ၄၁x၄၂ လမ်းကြားရှိ ဦးဖြန်းအမည်ပေါက်ဂရန်မြေကွက်အား ဦးဖျန်း(ခ) ဦးဖြန်း၏(SPရသူ ဦးမင်းနိုင်) ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် အမှတ်(၂၆၉၇/၂၀၀၁)ဖြင့် ဦးကျော်ညွန့်က ဝယ်ယူခဲ့ပြီး (ဖခင်) ဦးကျော်ညွန့် (မိခင်) ဒေါ်ခင်ကြည်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၃၀၉/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဒေါ်နီနီ ကျော်၊ ဒေါ်စန္ဒာကျော် မိမိကိုယ်တိုင်နှင့် ဦးအောင်ထွန်းကျော်၏ (GP ရသူဒေါ်စန္ဒာကျော်)တို့ (၃)ဦးအနက် ဦးအောင်ထွန်းကျော်၊ ဒေါ်စန္ဒာကျော် တို့ထံမှ မှတ်ပုံတင် စွန့်လွှတ်စာချုပ် အမှတ်(၂၃၂၀/၂၀၁၉)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်နီနီ ကျော် ၁/မကန(နိုင်)၀၇၆၀၂၅ ၏(GPရသူ ဦးအေးကို) က အမည်ပြောင်းလျှောက်ထားမည့်သူ၏ မှတ်ပုံတင်နှင့်အိမ် ထောင်စု ဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ်(၂၀၅၆/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး ၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်/ကုန်းရွာကျေးရွာ၊ ကွင်းအမှတ် ၈၃၅၊ ကျောက်ဆည်ရွာမ ဦးပိုင်အမှတ် ၄၃၀/၃၊ ဧရိယာ ၁ဒသမ ၆၄ ဧက ရှိ လယ်ယာမြေ၏ တစ်စိတ်တစ်ဒေသဖြစ်သော (၄၀X၁၂၀)ပေ အကျယ်အဝန်းရှိသော လယ်ယာမြေကွက်အား ဦးအောင်အေး-ဒေါ်ဆန်းယဉ်တို့ထံမှ ကျွန်တော် ဦးကျော်ကျော်အောင်-ဒေါ်ဝင်းပပ ဦးတို့မှ ရပ် ကျေး အုပ်ချုပ်ရေးမှူးရှေ့တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်အထိ တစ်ဆက်တည်းလက်ရှိထား စီမံဆောင်ရွက်စိုက်ပျိုးလျက်ရှိသော လယ်ယာမြေဖြစ်ပါသည်။ ဖော်ပြပါ လယ်ယာမြေအား ကျွန်တော် ဦးကျော်ကျော်အောင်-ဒေါ်ဝင်းပပဦးတို့ သိရှိခြင်းမရှိဘဲ အခြားနည်း လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးကျော်ကျော်အောင်-ဒေါ်ဝင်းပပဦး**
**၅-ကစန(နိုင်)၂၄၆၄၄၅၊ ၉/မဟမ(နိုင်)၀၂၉၂၆၅**
**မိုးဇာရပ်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၅၊ ၁၅/က ဟု ခေါ်တွင် သော မြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Royal Maung Bamar Condo,Tower-A,( ၂-လွှာ)၊ အခန်း အမှတ် ( 2-I)၊ အကျယ်အဝန်း (၂၀၁၅) စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့် တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်ဝင်းဝင်းနု ၉/အမဇ(နိုင်)၀၀၂၈၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း များနှင့် တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည်ရက်မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လတ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၈)**
**အမှတ်(၃၆)၊ မြေညီထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊(၂)ရပ်ကွက်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၁၁၇၈၅၄**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝက်ကုန်းကျေးရွာ၊ ရွာလယ်လမ်းမပေါ်ရှိ အရှေ့ဘက်ဦးဖြိုးသူအိမ်ဝိုင်း၊ အနောက်ဘက် ဦးစိန်ခိုအိမ်ဝိုင်း၊ တောင်ဘက် ဦးတင်ဌေးအိမ်ဝိုင်း၊ မြောက်ဘက်ရွာလယ်လမ်းမ အလား (၄)ရပ်အတွင်းရှိ အလျားပေ ၄၀xအနံ ၃၅ပေရှိ အိမ်နှင့်ဝိုင်းခြံမြေအား ဦးသန်းဦး (ဘ)ဦးတုတ်လှ ၉/ပမန(နိုင်)၁၉၈၀၁၃က တရားဝင်ပိုင်ဆိုင်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းစသည့်ကိစ္စများကို ကျွန်ုပ်မိတ်ဆွေကသာလျှင် စီမံဆောင်ရွက်ခွင့်ရှိသည်ကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ထင်ဇော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၈၇၁)**
**အမှတ် (၄/၆၈)၊ သံလမ်းဘေးလမ်း၊ သူကြီးစု (၂)၊ ရွာကောက်ရပ်ကွက်၊**
**ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉၀၇၇၆၈၁**

## အမည်ပြောင်း

JAPAN TOKYO SHINJUKU-KU TOKYO YAMATE MEDICAL CENTER တွင် မွေးဖွားခဲ့သည့် ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ (ဂ) ကွင်း ၅လမ်းနေ (ဘ)ဦးကျော်သင်းဖြိုး ၉/နထက(နိုင်) ၁၆၄၂၀၁ နှင့် (အမိ)ဒေါ်အေးသီတာကျော် ၈/ ပခက(နိုင်)၂၃၂၉၄၂ တို့၏သား မောင်ဝေယံအောင် (WAI YAN AUNG)ကို မောင်လင်းသုတမောင်(LIN THUTA MAUNG)ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ် (၃၁၂၄)၊ ကေတုမတီလမ်း၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်စုစုလတ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အိကြည်ဝင်း ၁၂/ဥကမ(နိုင်)၀၂၅၉၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ် (၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## အကောက်ခွန်ဝန်ဆောင်မှု ပန်းရောင်ကတ် ပျောက်ဆုံးခြင်း

ကျွန်တော် မောင်နေဇော် မိုးထွဋ်တင် ၃/ကကရ (နိုင်) ၂၅၄၁၇၂ (Han Nay Wunn Co.,Ltd)၏ ပန်းရောင်အေးဂျင့်ကတ်အမှတ် MWD-006157 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **Ph-09 255 809 645**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/5426 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
### မကွေးခရိုင်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၅

ဦးနိုင်ဝင်း နှင့် ဦးညွန့်ဝင်း
**တရားလို** **တရားပြိုင်**

မကွေးမြို့၊ အောင်စေတနာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၆၁၅)နေ တရားပြိုင် ဦးညွန့်ဝင်း (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ရက် (၁၃၈၅ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

## အမည်ပြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဗညားထောဦး-ဒေါ်နိုမီချိန်းတို့၏သမီး အထက(၈) မော်လမြိုင် Grade-2နေ မရှင်နှောင်းဦးအား မဝင်းသန္တာမိုးဟု ပြောင်းလဲခေါ်ဆို ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာကြိုင်** | **ဒေါ်ဖြိုးဝေကြိုင်** |
| **(LL.B, D.B.L)** | **(LL.B, D.B.L, D.M.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၇၆၂)** | **(စဉ်-၁၀၁၇၈)** |
| **ဖုန်း-၀၉-၇၉၇၅၄၉၄၁** | **ဖုန်း-၀၉-၂၆၀၀၁၀၇၅၅** |

**အမှတ် (၅၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၆

ဦးနေဘုန်းလင်း နှင့် ၁။ ဦးသိန်းမောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်နွယ်) ၂။ ဦးကျော်ဇေယျ
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၄)လမ်း၊ အမှတ်(၅၆၁/ခ) ရပ်နေ ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။

သင့်အပေါ်၌ ဦးနေဘုန်းလင်းက ဝယ်ယူထားသော အိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ တိုက်အမှတ်-(၄၂)၊ ပထမထပ်(ခေါင်းရင်းခန်း) တိုက်ခန်းအကျယ်အဝန်း (၁၅ x ၆၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မူယာ ၁၂/တမန(နိုင်)၀၃၄၃၆၂ မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိ ကြောင်းပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဦး ၆/မမန(နိုင်)၁၇၇၃၇၇မှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိမွန်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင်းမွန်မွန်သူ** | **ဦးကျော်မျိုးသူ** |
| **(စဉ်-၉၉၄၆)** | **(စဉ်-၁၁၃၅၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဦးသိန်းဇော်ထွန်း(စဉ် -၅၄၇၅၀)(အထက်တန်းရှေ့နေ)**
**အမှတ်(၇)၊ စန္ဒကူးလမ်းနှင့် ကမာကြည်လမ်းထောင့်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၀၆၀၉၂၇၂၊ ၀၉-၇၇၇၇၇၃၈၃၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6062, SUZUKI Carry DA21T, P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၃/ကမန(နိုင်) ၀၈၂၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ အထက (ခွဲ) မယ်ထော်သလေးကျောင်းနေ (G-4)မှ မောင်အောင်မြင့်မြတ်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၃/ကကရ (နိုင်)၁၂၁၃၅၂ ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၇-၂၀၂၃ရက် ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၁) ဒေါ်စုမြတ်မွန် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၁၈) ၏ သက်ဆိုင်သူအများသိစေရန် ကြော်ငြာတွင် ဒေါ်မာမာစမ်း ၁၀/ သဖန အစား ဒေါ်မာမာစမ်း ၁၀/သဖရ (နိုင်) ၀၆၄၈၂၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မိုးမြန်မာကျေးရွာ၊ အထက(ခွဲ)၊ မိုးဂနိမ်း Grade-11 မှ မခိုင်နှင်းဦး၏ ဖခင် အမည်မှန်မှာ ဦးအောင်ကိုဦး ၇/ကဝန (နိုင်)၁၂၀၂၁၉ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုဦး**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက (ညောင်ခြေထောက်)ကျောင်း၊ မိုးဂနိမ်း Grade-11(B)မှ မခင်လေးဖြူနှင့် Grade-8 (A)မှ မောင်အောင်မြတ်မိုးတို့၏ ဖခင်အမည်မှန်မှာ ကိုအောင်ထွေး ၇/အတန(နိုင်)၀၇၆၂၃၁ ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၃/၁)၊ ဦးပိုင်အမှတ် (၅၅)၊ မြေဧရိယာ (၀.၀၅၅) ဧကနှင့် ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိ မြေကွက်(၂)ကွက်သည် မူလက ဦးမောင်သန်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၁၈ /V၂၀၁၇-၂၀၁၈ အရလည်းကောင်း၊ ၁၇၆/ V ၂၀၁၇-၂၀၁၈ အရလည်းကောင်း ၁၇-၇-၂၀၄၈ အထိ (၁၅)နှစ်မြေငှားဂရန်အသီးသီး ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးမောင်သန်းက ၁၃-၂-၂၀၂၃ ရက်စွဲပါ မြို့နယ်စာတမ်းမှတ်ပုံတင်အမှတ်(၇၁/၂၀၂၃) အရလည်းကောင်း၊ ၁၃-၂-၂၀၂၃ ရက်စွဲပါ မြို့နယ်စာတမ်းမှတ်ပုံတင် အမှတ်(၇၀/၂၀၂၃) အရလည်းကောင်း၊ ဒေါ်ဥမ္မာဒေဝီ ၁/ဝမန(နိုင်)၀၃၉၀၃၈ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဥမ္မာဒေဝီ အမည်ဖြင့်မြေငှားဂရန်(ဦးပိုင်ပေါင်း/အမည်ပြောင်း)လျှောက်ထားမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်နေ့မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်၊ လယ်ပေါ်လမ်း၊ နယ်မြေ(၁၀)နေ ဒေါ်ဆယ်မိ(ဘ)ဦးဘသိုက် (ကွယ်လွန်) အမည်ပေါက် ပတ-၅၀၂ အိမ်ဝိုင်းမြေ၏ မူရင်းစလစ်ပျောက်ဆုံးသွားပါသဖြင့် သားဖြစ်သူ ဦးနေအောင် ၉/ကပတ(နိုင်) ၁၈၉၅၀၇ မှ စလစ်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ် ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးနေအောင် ဖုန်း-၀၉-၆၇၉၉၂၅၉၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်( ၁၈/အောင်သပြေ-၃)၊ ဦးပိုင်အမှတ် ၃-စ၊ မြေဧရိယာ ၀ဒသမ ၁၂၉ ဧကရှိ မြေကွက်အား ကျွန်တော်ဦးမြင့်နိုင် (ဘ)ဦးစံအေး ၁/မညန(နိုင်) ၀၆၇၉၈၈ အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးမြင့်နိုင် ၁/မညန(နိုင်)၀၆၇၉၈၈၊ အောင်သပြေရပ်ကွက်၊ မိုးညှင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် (၅၁၈)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀'x၆၀') စတုရန်းပေ ၂၄၀၀ ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ် ၆၀ မြေငှားဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးစိုးဝင်း (YSO-122021)ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောခင်မှလည်းကောင်း၊ ဒေါ်စောခင်ထံမှ ဦးအိုက်ဆန်းမှလည်းကောင်း၊ ဦးအိုက်ဆန်းထံမှ ဦးခိုင်ဝင်းမှလည်းကောင်း၊ ဦးခိုင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်အောင် ၁၂/ဗဟန(နိုင်)၀၇၉၉၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ် (၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သမဝါယမအသင်းစုပိုင် ရင်းနှီးပစ္စည်း

